
LAZY CLUB
ကျွန်တော်
နှင့်
Run Away
ROCK

## ဒုတိယအရွယ်၏ တတိယအမှာစာ

ကျွန်တော် ငယ်ငယ်က ကြည့်ခဲ့ဖူးတဲ့ ရုပ်ရှင်ကား နာမည် တစ်ခုရှိခဲ့ဖူးပါတယ်။ နာမည်က 'တတိယအရွယ်၏ ဒုတိယဝေဒနာ'ပါ။ အခုလည်း ကျွန်တော့်ရဲ့ တတိယမြောက် စာအုပ် 'ကျွန်တော် နဲ့ကျွန်တော့် အလင်္ကာ'အတွက် ရေးနေကျ အတိုင်းမပျက်မကွက် အမှာစာရေး ဖို့ဖြစ်လာပါတယ်။ ဒီလို ဖြစ်ရအောင်ကလည်း ကျွန်တော် မပျက်မကွက် အမှာစာရေး တာ ကြိုက်လို့ဆိုပြီး ကျွန်တော့်ကို မြှောက်ပေးနေကြတဲ့ (တချို့တချို့သော ) မိတ်ဆွေတွေရဲ့ ဆန္ဒကြောင့် ရော၊ ကျွန်တော် ကိုယ်တိုင်က အမှာစာမပါရင် စာအုပ်ဖတ်ရတာ ဘာလိုနေမှန်း မသိဘဲ ရုပ်ရှင်ပြနေတုန်းတစ်ဝက် ရုံထဲ ဝင်ကြည့်ရသလို ခံစားရလို့ ဒီ စာအုပ်လေးမှာ ကျွန်တော့်ရဲ့ စာရေးဆရာဘဝ လောလောလတ်လတ် အတွေ့အကြုံ လေးကို ရေးပြရပါတော့တယ်။

ဒုတိယစာအုပ် 'ကျွန်တော် နဲ့ ကျွန်တော့် ကမ္ဘာ'ထွက်တဲ့အချိန် အမှတ်တရ ပရိတ် သတ်တွေကို လက်မှတ်ထိုးပေးဖို့ အင်းဝစာအုပ်တိုက်မှာ ကျွန်တော် ရောက်တော့ တကယ့် ပရိသတ်တွေနဲ့ တွေ့ဆုံခွင့်ရခဲ့ပါတယ်။ သူတို့က စာအုပ်လည်းဝယ်ပါတယ်။ (မှတ်မိသလောက်ဆို အရင်စာအုပ် 'ကျွန်တော့် ပတ်ဝန်းကျင်'ကို အားလုံးလိုလို ဝယ်ကြပါတယ်။) ဝယ်ရင်းနဲ့ သူတို့ကြိုက်တဲ့ စာစုတွေထဲက နာမည်မဖော်ဘဲ ရေးထားသူ၊ ဘယ်သူလဲ မေးလိုမေး၊ ကက်ဆက်လိုက်ရှာတဲ့ 'ကျွန်တော် နဲ့ကက်ဆက်ပြနေသော' စာစုထဲက အင်္ကျီမဝတ်တဲ့ မိန်းမတစ်အုပ် နေတဲ့ရွာ ဘယ်ရွာလဲဆိုပြီး နာမည်မေးသူလည်း ရှိပါရဲ့၊ 'သရဲခြောက်တဲ့ ဘိုတဲ' ပါလား ဆိုပြီး မေးသူကလည်း မေးပါတယ်။ (အဲဒီ စာစု ဒီစာအုပ်ထဲမှာ အခု ထည့်လိုက်ပါပြီ)။ လက်မှတ်ထိုးရင်းနဲ့ ပရိသတ်တင်မက ကျွန်တော် နဲ့ခင်မင်သူတွေကို စာအုပ်လက်ဆောင်ပေးချင်လို့ လက်စွမ်းပြ လက်မှတ်ထိုး လက်ဆောင်ပေးလိုက် မိတာ ပွဲပြီး နောက်တစ်နေ့ ကဲ့ကော်ဝတ်ရည် စာပေရဲ့ ထုတ်ဝေသူ (မဝိုင်း)ကို ၃၈ အုပ်ဖိုး ရှင်းရ တော့မယ်ဆိုမှ တစ်အုပ် ၂၀၀၀နဲ့ ဈေးတွက်ကြည့်ပြီး မျက်လုံးပြူးသွားမိပါတယ်။ မဝိုင်းက

ကျွန်တော့်ကို သနားလို့ (၅သောင်းပဲ)ယူလိုက်တာကြောင့် ပိုက်ဆံသက်သာ သွားပါတယ်။ (ကျေးဇူးပဲ မပိုင်း) ဒီစာအုပ်လက်မှတ်ထိုးပွဲတော့ ကျွန်တော် ဆိုင်းထိုး လက်မှတ်ပေးသမျှ ပိုက်ဆံမယူဘဲ (ထုတ်ဝေသူက အလကား)ပေးနိုင်မှ လုပ်လို့ညှိထားပါတယ် (ဟဲ ဟဲ . . .)။

'ကျွန်တော့် ကမ္ဘာ' စာအုပ်က ဘယ်လောက် အောင်မြင်သလဲဆို 'သုခမစက်ရုပ်' ၉၈ လက်ဆောင်သွားပေးတဲ့ ကျွန်တော့်မိတ်ဆွေတွေ က သုခမစက်ရုပ် ၉၈ ပေးတာ မယူချင့် ယူချင်ယူပြီး 'ကျွန်တော့် ကမ္ဘာ'စာအုပ်ပဲပေးဆိုပြီး အလဲအလှယ် လုပ်ကြတာကြောင့် ဂီတာ သမားရဲ့ ဂီတာသံထက်စာအုပ်ပိုချစ်သူတွေ ကိုစိတ်ဆိုးရအခက်၊မဆိုးရအခက် ဖြစ်မိပါ တယ်။ ( ဥပမာ- မအိမ့်အိမ့်အောင် [ Happy Zone ] ) ဒီလို စာအုပ်မှ စာအုပ်ချစ်သူတွေ များ လွန်းလို့ သုခမစက်ရုပ် ၉၈ ဖြန့်တဲ့ ထွဋ်ခေါင်တေးထုတ်လုပ်ရေး က ဝန်ထမ်းကလေး တွေ ကပါ 'သုခမစက်ရုပ်'အခွေမတောင်းဘဲ စာအုပ်ပဲတောင်းကြတော့ လက်ဆောင် ဝယ်ပေးရတာ ထုတ်ဝေသူဆီက တစ်ခါဝယ် ၁၀အုပ်နဲ့ အကြိမ်တော် တော် များ လာပါ တော့တယ်။ အဲဒီ မှာ တင် မပိုင်းက 'ကိုနိုင်ဇော်က စာအုပ်အဖြန့်းပေးနိုင်ဆုံး စာရေး ဆရာ' ဆိုပြီး ကင်ပွန်းတပ်ပါတော့တယ်။ တကယ်လည်း ကျွန်တော့် ဝါသနာက ကိုယ်ဖန်တီးတဲ့ စာစုလေးတွေ တကယ်ဖတ်ချင်တဲ့ ပရိသတ်တွေ ၊ သူငယ်ချင်းတွေ ကို လက်ဆောင်ပေးရ သမျှ မနမြောပါဘူး။ ဒါပေမဲ့လည်း ရှိသမျှစာအုပ် အိမ်မှာ ဖတ်စရာမရှိအောင် လက်ဆောင် ပေးရလွန်းလို့ ဒီတစ်ခါတော့ လက်ဆောင်ပေးခြင်းရပ်လိုက်တော့မယ်ဆိုပြီး ပိုက်ဆံပေးမှာ တဲ့သူငယ်ချင်းတွေ အတွက်ဝယ်သွားတဲ့ စာအုပ်၃အုပ်ကိုတကယ်ပဲကျွန်တော် လက်ဆောင် မပေးရင် ပိုက်ဆံပေးဝယ်မယ် ဆိုပြီး ဝယ်သွားတဲ့ နဝရတ်စတူဒီယိုက မထေရီနဲ့ ဒါရိုက်တာ ဇော်ကိုကိုတို့ကိုလည်း မျက်နှာပူပူနဲ့ ရောင်းခဲ့ရပါတယ်။ ဒါရိုက်တာလေးကဆိုရင် သူ့ကို လက်ဆောင်မပေးဘဲရောင်းလို့ စာအုပ်မှာ လက်မှတ်မထိုးရဘူး၊ ပိုက်ဆံနဲ့ဝယ်ထားတာ ဆိုပြီး စိတ်နာနာနဲ့ပြောတာကြောင့် (သူက ကျွန်တော့်ကို စနေကျပါ) နိုင်ငံခြားရုပ်ရှင် တစ်ကား 5Movie မှာ ကြည့်လိုက်ရချိန် စာအုပ်ဆိုင် မန်နေဂျာအ ဖြစ် သရုပ်ဆောင်တဲ့ မင်းသားပြောတဲ့စကားလုံးလေးကို သတိရမိပါတယ်။ (အဲဒီ မန်နေဂျာ(မင်းသား)က စာအုပ် ဝယ်မယ့်သူကို စာရေး ဆရာ လက်မှတ်ထိုး မထားတဲ့ အဲဒီ စာအုပ်ပိုဈေးကြီးတယ် ဆိုပြီး

ပြောထားတဲ့ ဇာတ်ဝင်ခန်းလေးပါ။)

ကျွန်တော် လည်း ကျွန်တော့် စာအုပ်နဲ့ပတ်သတ်ပြီး ထူးထူးဆန်းဆန်းအဖြစ်တွေ ဆိုရင် ဘယ်လိုသဘောကျမှန်းမသိလို့ သူများ ပြောသမျှနားထောင်မိရာကနေ ကာတွန်း ဆရာ တစ်ယောက် နဲ့ မြို့ထဲမှာ တွေ့ ရာက သူ့ဆီက ကျွန်တော့် စာအုပ်နဲ့ ပတ်သက်ပြီး ထူးထူးဆန်းဆန်းတစ်ခု ကြားခဲ့ရပါတယ်။ သူက ဒီလိုပဲ ပြောပါတယ်။ ‘ကိုနိုင်ဇော် . . . စာအုပ် ဘယ်လောက်ကို ကြိုက်ကြသလဲဆိုရင် ကိုနိုင်ဇော်လက်မှတ်ထိုးတဲ့နေ့မှာ လက်မှတ်ထိုးပြီး လက်ဆောင်ပေးလိုက် တဲ့ ကို(...)က အဲဒီပွဲပြီးတာနဲ့မြို့ထဲက စာအုပ် ဆိုင်ဝင်ရောင်းတာ ၂၀၀၀နဲ့ ဆိုင်က ပြန်ဝယ်သွားတယ်။ ၂၀၀၀နဲ့ ရောင်းတဲ့စာအုပ်ကို ချက်ချင်း ပြန်သွားသွင်းတာမရှုံးဘူး’ဆိုတဲ့ စကားကြောင့် ‘ကျွန်တော် လက်မှတ်မပါရင် ပိုဈေးကောင်းရမယ်’ဆိုတဲ့စကားတောင်ပြောလိုက်ချင်မိပါတယ်။ အဲဒီလိုကိုယ် ကတော့ ယုံ ယုံကြည်ကြည်ပေးမိပါတယ်။ သူ ကတော့ ချက်ချင်း ပြန်ရောင်းအရည်ဖျော်လိုက်တဲ့ ပုဂ္ဂိုလ် ကို နောက်တစ်ခါတွေ့ ရင် ပေးချင်ဦးဟဲ့ဆိုပြီး ကိုယ့်ကိုယ်ကိုယ် ဒေါသ ဖြစ်ရုံကလွဲပြီး ဘာမှ လုပ်လို့မရပါဘူး။ (အဲဒီ ပုဂ္ဂိုလ်နဲ့ ပြန်တွေ့ တော့လည်း တဟီးဟီးနဲ့ အမှတ်မရှိ တဲ့ ဖြစ်တာ ခုထိပါ။)

ဒီတစ်ခါ ‘ကျွန်တော့် အလင်္ကာ’စာအုပ်ထွက်တဲ့အချိန် ကျွန်တော့် အသက် ၄၀ ကျော်ပြီမို့ ဒုတိယအရွယ်ထဲ ဝင်နေပါပြီ။ ဒီလိုအရွယ်နဲ့ တတိယမြောက်စာအုပ်အတွက် အမှာစာ စာဖတ်ပရိသတ်တွေ ဆီရောက်ဖို့ ပေးရလို့ ကဗျာဆန်ဆန် ‘ဒုတိယအရွယ်၏ တတိယအမှာ စာ’ခေါင်းစဉ် ပေးလိုက် ရတာ ကျေနပ်ကြလိမ့်မယ် ထင်ပါတယ်။ (ဒါဟာ ကျွန်တော့် အတွက် အနဆုံးအလှဆုံး စိတ်ကူးပါ။)

တကယ်တော့ ‘အလင်္ကာ’ဆိုတာ နုနုရွရွ သီကုံးဖွဲ့နွဲ့ထားတဲ့ ကဗျာတွေ ၊ စာတွေ ၊ ရသမြောက်စာတမ်းတွေ ဖြစ်သင့်ပေမယ့် ကျွန်တော် ကိုယ်တိုင်က ဖရိုဖရဲ၊ ဗိုသီဖတ်သီ၊ ဆံပင်အရှည် ဖြစ်သလိုနေတတ်၊ ဂျင်းဘောင်းဘီပဲ ဝတ်တတ်၊ လမ်းဘေးဆိုင်မှစားတတ်တဲ့ Rocker ဂီတသမား တစ်ယောက် ဖြစ်နေလို့ တစ်နိုင်ငံလုံး နေရာအနှံ့ခရီးထွက်နေတဲ့ ဂျစ်ပစီလို၊ ရက်အင်ဒီးယန်းလို လူစားမျိုးရဲ့ ရင်ထဲက ထွက်လာတဲ့ အလင်္ကာတွေ ဖြစ်နေလို့

ကျွန်တော့် စာတွေ က မနုနိုင်၊ မလှနိုင် ဖိမ်ခံလူတန်းစာ အကြိုက်မ ဖြစ်နိုင်ခဲ့တာကို စာဖတ် ပရိတ်သတ်က ခွင့်လွှတ်ပေးစေချင်ပါတယ်။ လူ့လောကရဲ့ အလွဲတွေ ၊ ရှုံးနိမ့်မှု တွေ ၊ အတက်အကျ၊ အနိမ့်အမြင့် ၊ လူသားဆန်တဲ့ ကူညီမှု ၊ ရိုင်းပင်းမှု တွေ သာ ကျွန်တော် က ပိုင်ဆိုင်ခဲ့လို့ ကျွန်တော့် လို လူတွေ ထဲက လူ တစ်ယောက် ၊ ဂီတာသမား အများ စုထဲက ဂီတသမား တစ်ယောက် ရဲ့ ခံစားမှု တွေ ကို စာဖတ်ပရိသတ်တွေ ဖတ်ကြည့်ပြီး 'လူ့လောက ထဲမှာ ငါတို့အားလုံး ကြုံနေရတဲ့ အ ဖြစ်တွေ ကို ဂီတာသမား ကိုနိုင်ဇော်က လက်တွေ ့ ရေး ပြနေတာပါလား၊ တကယ်တော့ သူရေး သလို ငါတို့လည်း ရေး ရင်ရတာ ပဲ'ဆိုတဲ့ လက်တွေ ့ဘဝနဲ့ နီးစပ်တဲ့ အတွေးမျိုး စာဖတ်သူတွေ ပေါ်လာခဲ့ရင် ကျွန်တော် ပို့ လွှတ်လိုက်တဲ့ မြားတစ်စင်း၊ စာဖတ်သူတွေ ရင်ထဲထိစိုက်မိပြီလို့ ကျွန်တော် ယုံကြည် ပါတယ်။ ကျွန်တော် ထင်ပါတယ်။ 'သရုပ်ဆောင်နေမှန်း မသိရတဲ့ သဘာဝကျကျသရုပ် ဆောင်မှု တွေ ဟာ အခက်ခဲဆုံးအနုပညာပါ'ဒီလိုပါပဲ။ လူ့ဘဝထဲမှာ ဖြစ်နေသမျှလေး တွေ ကို သဘာဝကျကျစာဖတ်သူတွေ ဆီ တစ်သက်လုံး ရေး ပြချင်တဲ့ စာပေအနုပညာ ချစ်စိတ် ဟာ ကျွန်တော့် အလင်္ကာလို့ တစ်သက်လုံးမှတ်ယူမိပါတော့တယ်။ စာဖတ်ပရိသတ် အားလုံးစိတ်ချမ်းမြေ့နိုင်ပါစေလို့ ဆုတောင်းလျှက်

နိုင်ဇော် (Lazy Club)

(ɔ)

ကျွန်တော်နဲ့ သရဲခြောက်သည်ဆိုသော ဘိုတဲ



# ကျွန်တော် နဲ့ သရဲခြောက်သည်ဆိုသော ဘိုတဲ

စာဖတ်ပရိသတ်များ (ကျွန်တော့် ကို) တစ်မေးတည်း မေးနေကြသော သရဲအကြောင်း ဒီတစ်ပတ်တော့ ရေး လိုက်ပြီမို့ ကျေနပ်နိုင်ကြလိမ့်မယ်လို့ ယူဆပါတယ်။ ကျွန်တော် က တကယ့်အ ဖြစ်အပျက်ကိုပဲ ရေး ချင်သူမို့ ကိုယ်တွေ့အ ဖြစ်မှန်ဆိုမှ ရေး ပါတယ်။ အခုလည်း စာဖတ်သူတွေ ကံကောင်းတယ်ပြောရလောက်အောင်(ကျွန်တော် တို့အဖွဲ့ ကတော့ ကြောက် ကြောက်လန့်လန့်နဲ့ပေါ့) ဖြစ်ခဲ့တဲ့ ကိစ္စလေးကို 'သရဲခြောက်သည်ဆိုသော ဘိုတဲ'ဆိုတဲ့ နာမည် ပေးပြီး စတင် ရေး သားလိုက်ပါတော့တယ်။

ဖြစ်ပုံက ကျွန်တော် တို့ လေးဇီးကလပ်အဖွဲ့နဲ့အဆိုတော် ဟေမာနေဝင်း၊ ဇော်ပိုင်၊ မယ်လိုဒီဝေါလ် ကတေးသံရှင်တွေ ဖြစ်တဲ့ အောင်ခန့်၊ ထက်နေကြည်၊ကိုကိုမောင်၊ ခိုင်ရွှေဝါ စသဖြင့် အဆိုတော် တွေ နဲ့မင်္ဂလာဆောင်တီးဖို့ငှားတာကြောင့် အပူပိုင်းဒေသကမြို့တစ်မြို့ကို သွားခဲ့ကြပါတယ်။

ညနေ ၃နာရီလောက် ကားထွက်ပြီး အဲဒီ မြို့ကို တကယ်ရောက်ချိန်က မနက် ၈နာရီလောက် ဖြစ်နေပါတယ်။ မင်္ဂလာဆောင်က နောက်တစ်နေ့မှဆိုတော့ အဝေးပြေးကား တစ်ညလုံးမအိပ်ဘဲ စီးခဲ့ရသမျှ အတိုးချပြီး အနားယူကြဖို့ မင်္ဂလာရှင်တွေ က သူတို့ရဲ့ တိုက်အိမ်မှာ တောင် မထားဘဲ ဘိုတဲလို့ခေါ်ကြတဲ့ အုတ်တိုက်နှစ် ထပ်တိုက် တစ်လုံးငှားပြီး ကျွန်တော် တို့ကို နားစေပါတယ်။

အဆိုတော် ဟေမာနေဝင်းနဲ့ဇော်ပိုင်က နေ့လယ်ကျမှ လေယာဉ်နဲ့ ရောက်လာမှာ ဆိုတော့ ဘိုတဲရဲ့ အပေါ်ထပ်မှာ ရှိတဲ့ အခန်းနှစ် ခန်းမှာ တစ်ခန်းက ကျွန်တော် တို့ တီးဝိုင်း အဖွဲ့သား(၅ယောက် )နေကြပါတယ်။ တခြားဘက်က အခန်းမှာ တော့ မယ်လိုဒီဝေါလ်က အဆိုတော် လေးတွေ ခဏနားကြပါတယ်။ သူတို့က နေ့လယ်လောက်မှာ တော့ မြို့ထဲက တိုက်ကိုအားလုံး ပြောင်းသွား ကြပါတယ်။ ကျွန်တော် တို့အဖွဲ့က (ထူးထူးဆန်းဆန်း) အခန်း နှစ် ခန်းလူခွဲပြီး နေကြမယ်လို့ ဘယ်သူမှ မတောင်းဆိုကြဘဲ တစ်ခန်းထဲမှာ ပဲ ညကျရင်
အိပ်မယ်လို့ပြောသံကိုပြိုင်တူတညီတညွတ်တည်းကန့်ကွက်မဲမရှိသဘောတူကြတာကြောင့်

အားလုံးစိတ်ထဲမှာ ဒီဘိုတဲက ဘာများ ဖြစ်လာလေမလဲဆိုတဲ့ အတွေးကိုယ်စီ ရှိနေကြပုံ ရပါတယ်။ အောက်ထပ်ကဧည့်ခန်း ဖြစ်ပြီး အပေါ်ထပ်ကို တက်တဲ့ လှေကားကြီး အဆုံး ဘေးတစ်ဖက်တစ်ချက်မှာ အခန်းနှစ် ခန်း ရှိပြီး တစ်ခန်းမှာ ခုတင်နှစ် လုံးစီ ရှိပါတယ်။ ဒါကြောင့် လူ ၄ယောက် ခုတင်နဲ့ အိပ်လို့ရပေမယ့် ဘယ်သူကမှခုတင်နဲ့ အိပ်မယ်လို့ မပြောကြဘဲ လက်ရည်တစ်ပြင်တည်း တစ်ခန်းတည်းမှာ ဖျာခင်းပြီး အားလုံးတန်းစီ အိပ်ကြ မယ်ဆိုတဲ့ အဆိုကိုပဲ အားလုံးက သဘောတူလိုက်ပါတယ်။ နေ့လယ်ပိုင်းကြီး ဖြစ်ပေမယ့် အဲဒီ အခန်းထဲမှာ တစ်ယောက် တည်းနေမိရင် လူ တစ်ယောက် က ကိုယ့်ကို လိုက်ကြည့် နေ သလို ခံစားမိနေလို့ ကျွန်တော် လည်း တစ်ယောက် တည်း စာဖတ်နေရင်းက ကျောချမ်း လာတာကြောင့် အောက်ထပ်ဧည့်ခန်းက သူငယ်ချင်းတွေ ရဲ့ စကားဝိုင်းထဲ ဝင်ပြီး မယောင် မလည်နဲ့ အိပ်နေရပါတယ်။

အဲဒီ အပေါ်ထပ် အခန်းနှစ် ခန်းက အိပ်ခန်းအကျယ်ကြီးတွေ ဖြစ်ပေမယ့် ဘေးချင်း ကပ်ရက်အခန်းငယ်လေးတစ်ခုစီရှိပြီးအဲဒီ အခန်းငယ်လေးတွေ မှာ ဘာပစ္စည်းမှ မရှိ၊ ဟာလာ ဟင်းလင်းကြီး ဖြစ်နေပါတယ်။ မီးလုံးဝါဝါတစ်လုံးက တွဲ လောင်းကျနေပြီး နံရံက လိုက်ကာ တွေ ကလည်း ခပ်ညစ်ညစ်၊ ဘာမှန်းမသိတဲ့ ဗီရိုအဟောင်းတစ်လုံးကလည်း ရှိနေပါတယ်။ အဲဒီ လို ဘာမှမရှိတဲ့အခန်းငယ်လေးကို ဝင်ပြီးမှ ရေချိုးခန်းကို ရောက်ပါတယ်။ ရေချိုးခန်း ကလည်း ရှေးဟောင်းပုံစံ ဖြစ်နေလို့ ရေချိုးရတာ တောင် စိတ်မလုံမလဲနဲ့ ကြောက်စရာ ကြီးပါ။

ဒီလိုနဲ့ နေ့လယ် ထမင်းစားချိန်မှာ ဇော်ပိုင် ရောက်လာပါတယ်။ သူက သူ့အတွက် သီးသန့်ထားပေးတဲ့ မြို့ထဲက အိမ်မှာ တစ်ယောက် တည်း မနေချင်လို့ ပျင်းတယ်ဆိုပြီး ကျွန်တော် တို့နဲ့ လာပူးပေါင်းတာပါ။ ဒါကြောင့် သူ့အတွက် အခန်းတစ်ခုလွတ်နေတယ်။ နေချင်ရင် သွားနေလို့( မသိသလိုနဲ့ ချောက်တွန်းပေမယ့်) ဆရာသမားကလည်း လူပါးပါ။ ကျွန်တော် တို့အားလုံးနဲ့ ပေါင်းအိပ်မယ်။ ကြမ်းပြင်မှာ ပဲ ၆ယောက် တန်းစီ အိပ်ကြမယ်ဆိုလို့ တစ်ခန်းတည်း အားလုံး အိပ်၊ တခြား တစ်ခန်းတော့ လူလုံးဝမရှိဘဲ ဖြစ်နေပါတယ်။

ဒီလိုနဲ့ ညပိုင်း ထမင်းစားဖို့ လိုက်ပို့တော့ ဘီယာဆိုင်တစ်ဆိုင်မှာ ထူးထူးဆန်းဆန်း ပရိသတ်နဲ့ တွေ့ခဲ့ရပါသေးတယ်။ အဲဒီ ပရိသတ်က အရှိန်လွန်၊ ရေချိန်ကိုက်နေတာမို့ ကျွန်တော် တို့ ဝိုင်းထဲမှာ 'ဇော်ပိုင်'ကို တွေ့တာနဲ့ ဝမ်းသာအားရ ပြေးလာပါတော့တယ်။ 'ဟာ...အဆိုတော် ကိုဇော်ပိုင်၊ တွေ့ရတာ ဝမ်းသာတယ်' လို့ပြောပြီး အတင်း ဝင်မိတ်ဆက် တော့တာပါပဲ။ ဇော်ပိုင်လည်း ပြန်ပြီးဧည့်ခံစကားပြောပါတယ်။ အဲဒီ ပရိတ်သတ်ဆိုသူက ဒီလောက်နဲ့ မကျေနပ်နိုင်ဘဲ 'ကိုဇော်ပိုင်၊ ကျွန်တော့် ကိုခင်ရင်၊ တကယ်ချစ်တယ်ဆိုရင် ကျွန်တော့် လက်ကိုနမ်း'ဆိုပြီးချွေးတွေရွှဲနစ်နေတဲ့ သူ့လက်ညစ် ညစ်ကြီးကိုအတင်း ထိုးပေးပါတော့တယ်။ ကျွန်တော် လည်းအသန့်အပြန့် ကြိုက်တဲ့ ဇော်ပိုင် ဘာလုပ်မလဲလို့ ကြည့်နေပါတယ်။ ဇော်ပိုင်က သူ့လက်ကို ယူပြီး ပါးနဲ့ ကပ်လိုက် ပြီး သူကျေနပ်သွားအောင် နမ်းသလို လုပ်ပေးမယ့် ဆရာသမားက ချက်ချင်း ပဲ သိသွားပြီး - 'ကျွန်တော့် လက်ကို မနမ်းရသေးဘူးနော်၊ ဘာလဲ မခင်လို့လား'ဆိုပြီး ဂျစ်ကျနေလို့ ဇော်ပိုင်လည်း တကယ်ကို နမ်းလိုက်ရပါတယ်။

ကျွန်တော် တို့လည်း သူ့ဒုက္ခကို ဝိုင်းပြီး ရယ်ကြတာပေါ့။ ဇော်ပိုင် ကတော့ ရှုံ့မဲ့နေ တာပါပဲ။

ဒီလိုလုပ်ပြီးတာနဲ့ ဆရာက မကျေနပ်နိုင်သေးဘဲ ကျွန်တော် တို့ဝိုင်းကို ဘုကြည့် ကြည့်ပြီး အသံကျယ်ကျယ်နဲ့ 'ဒီဝိုင်းထဲမှာ အနုပညာသမားဘယ်သူ ပါသေးလဲ။ နာမည် ပြောပါ'ဆိုပြီး တစ်ယောက် ချင်းရဲ့ မျက်နှာကို မိုက်ကြေးခွဲမယ့် လူမိုက်ပုံစံနဲ့ လိုက်ကြည့် နေတော့ ကျွန်တော် တို့လည်း ပြန်သပေးတော့ တက်ပြီ ထင်နေတုန်းသူက'အနုပညာသမား ပါခဲ့ရင် နာမည် ပြောပါ။ ကျွန်တော် မိတ်ဆက်ချင်လို့'ဆိုတော့မှပဲ သက်ပြင်းချနိုင်ပါတော့ တယ်။ သူ့မိတ်ဆက်နည်းကလည်း အဆန်းကြီးပါ။ ဘေးကထိုင်နေတဲ့ မြို့ခံပုဂ္ဂိုလ်က 'အစ်ကိုတို့အနုပညာသမားဘဝကမလွယ်ပါလား။ကျွန်တော် တို့ဆိုရင်ကိုယ်ဖိမ်ယူနေတုန်းစကားပြောရင်တောင်မကြိုက်တာ။ အစ်ကိုတို့မှာ တော့လူတကာကရစ်သမျှခံရတယ်' ဆိုပြီး မှတ်ချက်ချပါတော့တယ်။

ဒီလိုနဲ့ စားသောက်ကြပြီး ညအိပ်ဖို့ ဘိုတဲရှိရာ တောင်ကုန်းပေါ်ကို ပြန်လိုက်

ပို့ပါတယ်။ ဘိုတဲ ကတော့ မီးထိန်ထိန်လင်းနေပါတယ်။ လုံး၀ မီးမပြတ်ပါဘူးတဲ့။ ဒါကြောင့် မီးမှိတ်မှ အိပ်တတ်တဲ့သူတွေ ကို သရဲခြောက်ခံနေဦးမယ် ဆိုတော့ အားလုံးက လက်ခံကြ ပါတယ်။ ဒါကြောင့် ဖျာခင်းပြီး ခေါင်းအုံးတွေ ၊ စောင်တွေ ချ အိပ်တော့မယ်ဆိုမှ အဖွဲ့သား ကိုဂျင်ပိန်နဲ့မျိုးဇော်က ခုတင်ပေါ်တက်အိပ်မယ်၊ ဒါမှကျန်တဲ့ လေးယောက် ကျယ်ကျယ်အိပ် လို့ရမှာ လို့ပြောလာပါတယ်။ လေးယောက် တန်းစီ အိပ်ကြတော့ အစွန်ဆုံးနံရံဘေးမှာ ဇော်ပိုင်က အိပ်ပါတယ်။ သူ့ဘေးမှာ အခန်းလွတ်ပဲ ရှိတာမို့တံခါးကို ပိတ်ထားပါတယ်။ အိမ်စောင့်ပုဂ္ဂိုလ် လင်မယား ကတော့ ခြံထဲက သူတို့ တဲလေးဆီ မပြန်ခင် 'အစ်ကိုတို့ တစ်ခုခု ထူးလို့ရှိရင် လှမ်းအော်လိုက်ပါ။ ကျွန်တော် တို့ လာခဲ့ပါ့မယ်'ဆိုတဲ့ ဘာမှန်းမသိတဲ့ စကားကြီးကြောင့် ဘာတစ်ခုခု ထူးရမှာ လို့ ပြန်မေးတော့လည်း ဟိုလိုလို၊ ဒီလိုလို မဖြေဘဲ ထွက် သွားပါတယ်။ တကယ်အိပ်တော့မယ်ဆိုပြီး စကားပြောရပ်လိုက်ချိန်မှာ နံရံကို အပြင် ကလက်နဲ့ခေါက်သံကြားလိုက်ရတာ ကြောင့် လူမရှိတဲ့အခန်းနံရံကို ဘေးကလက်နဲ့ခေါက်ပြ တာသေသေချာချာကြားလိုက်ရတဲ့ မန်နေဂျာ စိုးနိုင်ထွန်းကလန့်ပြီး အားလုံးကို သတိပေး လိုက်တော့ အားလုံးထထိုင်လိုက်ကြပါတယ်။ သူ ကတော့ မအိပ်ခင် ဒီလိုတောင် အချက်ပြ နေပြီ။ အိပ်ပျော်ကြချိန် ပိုဆိုးတော့မှာ ပဲ ဆိုပြီး စိတ်ပူနေပါတယ်။ ဒီမှာ ပဲ ကျန်တဲ့ လူတွေ က စိတ်ထင်လို့ နေမှာ ပါ။ ပြန်အိပ်ကြမယ်လို့ နှစ် သိမ့်တော့ အားလုံးလည်း နားစွင့်ပြီးအိပ်ကြ ပါတယ်။ အဲဒီ မှာ ဒုတိယအကြိမ်နံရံကို ရေချိုးခန်းဘက်က ခေါက်သံလိုလို ထပ်ကြား လိုက် ရတာ ကြောင့် အားလုံးလူးလဲထပြီး လန့်စပြုနေပါပြီ။ ဒီတစ်ခါတော့ သေသေချာချာ ကြားလိုက်ရတာ ကြောင့် ခြံစောင့်ကို လှမ်းအော်ပြီး အကူအညီတောင်းကြမယ်ဆိုပြီး တိုင် ပင်ကြပေမယ့် နောက်တစ်ခါထပ်စောင့်ကြည့်ရအောင်ဆိုပြီး အဖွဲ့သားတစ်ချို့က ပြောလာ တာကြောင့် ထပ်စောင့်အိပ်ကြပါတယ်။ ၁၅မိနစ်လောက်အကြာမှာ အိပ်ပျော်နေတဲ့ ဇော်ပိုင့် ဘေးကနံရံကို လက်နဲ့အုပ်ပြီး ခေါက်လိုက်သံ အတိအကျကြားလိုက် ရတာ မို့ အလန့် တကြားထထိုင်ကြပြီး မအိပ်ရဲတော့ဘဲ မြို့ထဲက မင်္ဂလာရှင်တွေ ဆီဖုန်းဆက်မယ်။ အိမ် ပြောင်း အိပ်တော့မယ်ဆိုပြီး ဆုံးဖြတ် လိုက်ပါတော့တယ်။

အဲဒီ တော့မှ ဇော်ပိုင်နဲ့ ကိုဂျင်ပိလည်း လူးလဲထလာပြီးညကြီး ချက်ချင်း အိမ်

ပြောင်းရင် မြို့ထဲမှာ လူပြောစရာ ဖြစ်ကုန်တော့မှာ မို့ မနက်မိုးလင်းအထိတော့ သည်းခံပြီး နေဖို့ဖျောင်းဖျပါတယ်။ ဒါကြောင့် ကျွန်တော် တို့လည်းကြောက်ကြောက်လန့်လန့်နဲ့ ပြန်အိပ်။ တစ်ညလုံး အိပ်လို့မရဘဲ ခေါင်းမြီးခြုံပြီး စဉ်းစားရင်း မိုးလင်းခဲ့ရပါတယ်။ နောက်ထပ်ဘာ တစ်ခုမှ အချက်မပြတာကြောင့် တော် ပါသေးရဲ့ လို့သက်ပြင်းချပြီး မနက်မင်္ဂလာပွဲ တီးချိန် မှာ ညက အ ဖြစ်ကို ပြောပြပြီး ဘိုတဲမှာ သရဲရှိလား မေးကြည့်တော့ မြို့ခံတွေ က ရှိတယ်လို့ ဖြေသံ ကြားလိုက်ရပါတယ်။ ဒါကြောင့် မင်္ဂလာညစာစားပွဲ တီးပြီးရင် အဲဒီ ဘိုတဲမှာ မအိပ်ရဲ တော့ဘူး။ လေယာဉ်ကွင်းရှိတဲ့မြို့က ဟိုတယ်မှာ ညတွင် းချင်း သွားအိပ်ကြမယ်လို့ တိုင်ပင် လိုက်ကြပါတယ်။

ဒီလိုနဲ့ မနက်ပိုင်း မင်္ဂလာပွဲတီးပြီး ထမင်းစားချိန် ညက အိပ်ရေး ပျက်ထားသူ အားလုံး အဲဒီ အခန်းထဲမှာ အိပ်ကြမယ်၊ ဘယ်သူမှ အပြင်မထွက်ကြနဲ့ဆိုပြီး ဘိုတဲ ပြန်အိပ် ကြပါတယ်။ ကျွန်တော် က အိပ်မပျော်ပါဘူး။ တစ်ခန်းလုံးက တိတ်ဆိတ်နေလို့ စာဖတ် နေချိန်အဖွဲ့သား တစ်ယောက် ကရုတ်တရက်ထအော်ပြီး အသက်ရှူကျပ်တဲ့ လေသံနဲ့နိုးလာ ပါတယ်။သူ့လည်ပင်းကို တစ်ယောက် က လာညှစ်သလို ခံစားရလို့ဆိုပြီး အလန့်တကြား ပြောပါတယ်။ ဒီလို ချောက်ချားမှု တွေ ဖြစ်ပြီး ခဏနေတော့ ဇော်ပိုင် အိပ်ပျော်နေချိန် သူ့ရဲ့ ဖုန်းက ရယ်သံကြီး ထွက်လာပါတယ်။ ဖုန်းလည်းမမိတဲ့ မြို့မှာ ရယ်သံ (Ringtone) ထမြည် တော့ အားလုံးလန့်ဖျပ်နေချိန် အိပ်ပျော်နေတဲ့ ဇော်ပိုင်က နိုးလာပြီး ဘာ ဖြစ်တာလဲ မေးပါတယ်။ ကျွန်တော် တို့ အားလုံးလည်း တစ်မျိုးပြီးတစ်မျိုး ခြောက်လှန့်နေတဲ့ သရဲ ကြောင့် ဒီမှာ မနေရဲတော့ဘူးဆိုပြီး အမြန်ဆုံးပြောင်းဖို့ လုပ်ကြတော့မယ်ဆိုမှ ဇော်ပိုင်က မပြောမဆို ထရယ်ပါတော့တယ်။ 'အခု ဖုန်းသံ မြည် တာ ကျွန်တော့် လက်ချက်ပါတဲ့။ လက်နဲ့လှမ်းဖွင့်ပြီးမှ အိပ်ပျော်ချင်ယောင်ဆောင်၊ လက်လှမ်းမမှီတဲ့ နေရာမှာ ဖုန်းကိုထား လိုက်ပြီး ကျွန်တော် တို့ကို လန့်အောင်လုပ်တာပါ'လို့ ဝန်ခံပါတယ်။ ပြီးတော့လည်း မနေ့ည က နံရံကို ပုတ်သံသုံးချက်မှာ နှစ် ချက်က သူအိပ်ချင်ယောင်ဆောင်ပြီး ပုတ်လိုက်တာပါလို့ ဝန်ခံပြီး တစ်ချက် ကတော့ သူ မဟုတ်ပါဘူး။ တကယ့်သရဲလား မသိဘူးဆိုပြီး ပြောပါ တော့တယ်။ ကျွန်တော် တို့လည်း ကျန်တဲ့ လက်သည်ရှာလို့မတွေ့ ဖြစ်နေချိန် ကိုဂျင်ပိုက သူခုတင်ပေါ်မှာ

အိပ်ချင်ယောင်ဆောင်ပြီး ဘေးကနံရံကို ပုတ်လိုက်တာပါလို့ ဝန်ခံတော့ ညက ကျွန်တော် တို့ ကြောက်အောင် ဒုက္ခပေးတဲ့ လက်သည်ပေါ်ပြီမို့ အခုမှအားလုံး ရယ် နိုင်၊ ပြုံးနိုင်ကြပါတော့တယ်။ ကြုံကြုံဖန်ဖန် နောက်တတ်တဲ့သူတို့ကြောင့် ကျွန်တော် တို့ အားလုံး သရဲကြောက်ကြတယ် ဆိုပြီး မြို့ခံအားလုံး သိကုန်ကြပါပြီ။

ဒါကြောင့် ကျွန်တော် တို့လည်း သရဲမရှိတာ သေချာပြီမို့ အေးအေးဆေးဆေး ရေချိုး၊ ကျန်တဲ့ အခန်းလွတ်ထဲလည်း ဝင်ထွက်နေနိုင်ပါပြီ။ ညပိုင်း ဧည့်ခံပွဲ သွားတီးကြမယ်ဆိုမှ အဝတ်အစားအိတ်တွေ တစ်ခါတည်း သိမ်းထားဖို့ လေဆိပ်ရှိတဲ့ မြို့မှာ ပဲ သွားအိပ်မယ်ဆိုလာတာကြောင့် သရဲမှမရှိတာ။ ဘာလို့ အိပ်ရမှာ လဲ၊ ဒီမှာ ပဲ အိပ်မယ် ဆိုတော့ ဇော်ပိုင်က ညတွင် းချင်း ခရီးထွက်မယ်လို့ ပြောလာတာကြောင့် ဧည့်ခံပွဲပြီးတာနဲ့ ဘိုတဲကိုပြန်၊ ခြံစောင့် အမျိုးသမီးကသော့ လိုက်ဖွင့်ပေးချိန်၊ ကျွန်တော် တို့ပြန်ကြမှာ မို့ အဝတ်အစားအိတ်တွေ တက်ယူကြမယ်၊ သော့ ပိတ်ဖို့ ခဏစောင့်ပေးပါ ဆိုပြီး အမျိုး သမီးကြီး ခဏစောင့်နေချိန်မှာ ကျွန်တော် လည်း သိချင်သမျှ သူ့ကို မေးရပါတော့ မယ်။ ‘အစ်မဒီဘိုတဲမှာ သရဲရှိလား’ဆိုတော့ ကျွန်မတော့ ဘုရား တရားပဲယုံကြည်တယ်။ မကြောက်ပါဘူး’လို့ ပြန်ဖြေပါတယ်။ ဒါကလည်း အဖြေမဟုတ်သေးတော့၊ ‘ရှိသလား၊ မရှိဘူးလား မှန်မှန်ဖြေပါ။ ကျွန်တော် တို့က အခုပြန်တော့မှာ မို့ ဘာမှကြောက်စရာ မလိုတော့ပါဘူး။ အမှန်အတိုင်းပြောပါ’ဆိုမှ ‘ရှိတယ်၊ ကျွန်မဧည့်ခန်းမှာ ပစ္စည်းတွေ သန့်ရှင်း ရေး လုပ်နေတုန်း ရေခဲသေတ္တာကြီး ရုတ်တရက်ပွင့်သွားတယ်။ ပြီးတော့ ကျွန်မ ယောက်ျား လည်း အလုပ်လုပ်နေတုန်း ရေချိုးခန်းထဲမှာ ခေါင်းတုံးကြီးနဲ့ လူ တစ်ယောက် ထွက်လာတာ တွေ့ဖူးတယ်’လို့ ပြောပါတယ်။ သူ့စကားကြောင့် အဲဒီ ဘိုတဲမှာ သရဲရှိတယ် ဆိုတာ ယုံရ မလို ဖြစ်ပေမယ့် ညပိုင်းအပြင်ကနံရံကို လက်နဲ့ခေါက်တာ ဇော်ပိုင်က သူ လုပ်တာပါလို့ ဝန်ခံပြီး ဘာကြောင့် ညတွင် းချင်း တခြားမြို့က ဟိုတယ်မှာ သွားအိပ်ဖို့ သူကိုယ်တိုင် တိုက် တွန်းတာလဲ။ ဒါကြောင့် အဲဒီ ဘိုတဲက တကယ်ပဲ သရဲကိုယ်တိုင် လက်နဲ့ပုတ်ပြတာကို ကျွန် တော် ကြားခဲ့ရတာ လား၊ဇော်ပိုင့်လက်ချက်လား၊ သူ လုပ်တယ်ဆိုရင်ဘာလို့ ဘိုတဲမှာ မအိပ်တော့ဘဲ ညတွင် းချင်း မြို့ပြောင်းပြေးရသလဲဆိုတဲ့ အဖြေကို စာဖတ်ပရိသတ်ကြီး

'ဇော်ပိုင်'တွေ ့တိုင်း မေးကြည့်ကြပါလို့ပဲ တိုက်တွန်းပြီး အဆုံးသတ်ချင်ပါတယ်။

(ချွေးကြောင့် ဘီပိုးကူးမှာ ကြောက်လို့ ထင်ပါရဲ့၊ ကိုကြွမီဘုရားမှာ လူအုပ်ထဲက မတိုးရဲဘဲ ရှောင်ဖယ်ရှောင်ဖယ် လုပ်ခဲ့ပေမယ့် သူ့ကိုချစ်တဲ့ ပရိသတ်ရဲ့ ချွေးပေတဲ့ လက်ကိုတော့ နမ်းပြခဲ့တဲ့ အဆိုတော် ဇော်ပိုင်အတွက်အမှတ်တရပါ )

နံနက်ခင်းသတင်းဂျာနယ်၊ ၁၂ ဩဂုတ် ၂၀၀၉

(J)

# ကျွန်တော် ခင်မိတဲ့ ဒိုးလုံး



# ကျွန်တော် ခင်မိတဲ့ ဒိုးလုံး

မကြာခင် ရက်အတွင်း းက အဆိုပြိုင်ပွဲတစ်ခု Park Royal Hotel မှာ ပြုလုပ်တော့ ဒိုင်လူကြီး အကဲဖြတ်ဝင်လုပ်ပေးပါဦးလို့ အကူအညီတောင်းသူ အဆိုတော် ကြီး ကိုဂျေမောင်မောင်နဲ့ ကိုဂျေညီညီ၊ ညီအစ်ကိုကြောင့် ကျွန်တော် လည်း နိုင်ငံရပ်ခြား (U.S.A)သွားခါနီး မအားလပ်တဲ့ကြား သံရုံးကိစ္စတွေ ရှိတဲ့ကြားက ၃ရက်ဆက်တိုက် တာဝန်ယူပေးခဲ့ပါတယ်။ တကယ်ပဲ ဒိုင်အ ဖြစ်တာဝန်ယူ အဆိုတော် ပေါက်စတွေ ရဲ့ VCD ကာရာအိုကေ သီဆိုမှု တွေ ကို နားထောင်နေရချိန် မူရင်းအဆိုတော် ရဲ့ သီဆိုဟန်ပါ TVမှာ ပေါ်နေတာမို့ ဒိုးလုံးရဲ့ သီချင်း 'ဒီလိုမချစ်ဘူး မပြောပါနဲ့' ပြိုင်ပွဲဝင်သူတွေ သီဆိုတိုင်းကျွန်တော် ခင်မင် မိတဲ့ ဒိုးလုံး တစ်ယောက် ကွယ်လွန်သွားတာ ကြာခဲ့ပေမယ့် သူ့ရဲ့ အနုပညာ၊ သူ့ရဲ့ စိတ်၊ သူ့ရဲ့ အတွေ း တချို့ကို သူနဲ့အတူတူ ခရီးသွား ဖြစ်ခဲ့ရင်း မတော် တဆ သိခဲ့ရသမျှလေးတွေ စာဖတ် ပရိသတ်ဆီ ဖောက်သည်ချချင်လို့ ဒီတစ်လတော့ 'ကျွန်တော် ခင်မိတဲ့ ဒိုးလုံး'လို့ နာမည် ပေး ရေး သားတင်ပြလိုက်ရပါတော့တယ်။ ဒိုးလုံးအမှတ်တရပေါ့။ သေသော သူ ကြာရင်မေ့ ဆိုပေမယ့် အနုပညာသမားတွေ အတွက်တော့ မမေ့နိုင်စရာတွေ လည်း ဖြစ်နေတာမို့ အနု ပညာရဲ့ လွှမ်းခြုံမှု ဟာ လူ တစ်ယောက် ရဲ့ မှတ်ဉာဏ်ကိုတောင်မမေ့ ဖြစ်နိုင်လောက် အောင် ကို အစွမ်းထက်လှတယ်လို့ ယုံကြည်မိပါတော့တယ်။

ကျွန်တော် ပထမဆုံး ဒိုးလုံးနဲ့ပတ်သက်လို့ အမှတ်တရ ဖြစ်မိတဲ့အကြောင်းအရာ ကတော့ သတင်းစာကြော်ငြာလေးပါပဲ။ သူ့ရဲ့ 'အရိုးထိအောင်ရှူး'စီးရီးရဲ့ ကြော်ငြာက ပုံမှန် စာသား ခေါင်းစဉ်တွေ လို မဟုတ်ဘဲ 'အများ မျှော်လင့်နေကြတဲ့' ( အဲဒီ အဓိပ္ပာယ်မျိုးကို စာသား အတိအကျ မဟုတ်ရင်တော့ ခွင့်လွှတ်ပါ . . .)ဒိုးလုံးခွေ ထွက်ပြီဆိုပြီး ကြော်ငြာတဲ့ စာသားဆန်ဆန်ကြောင့် လူချင်း မမြင်ဖူးပေမယ့် အများ က သူ့ကို ဘာမျှော်လင့်နေလို့ ဒီလို ရေး ရတာ လဲဆိုပြီး စိတ်ဝင်စားနေမိပါတယ်။ သူဘာတွေ လုပ်ပြမှာ လဲ ဆိုတာတော့ပရိသတ် က သိခဲ့ပြီးပါပြီ။ သူ့ကြော်ငြာက စာသားမှန်ပါတယ်။

ဒုတိယသတိထားမိတဲ့အချက်လေး ကတော့သူ့ရဲ့ သီချင်းခွေလေးကို ကြိုက်နှစသက် သွားကြသူတွေ များ ပြားလာချိန် 'မုန်အိမ်လေး'ဆိုပြီး အဆိုတော် 'အယ်နောင်း'၊ ကိုအောင် ( လမ်းဆုံခွေထဲက ဟန်ထွန်းဆိုပြီး နာမည် ကြီးနေတဲ့ သီချင်း 'အရင်ကဇာတ်လမ်းလေး' ရေး သူ) အောင်ဘု ဆိုတဲ့ တောင်ကြီးသား ၃ယောက် ရဲ့ စီးရီး နဝရတ်စတူဒီယိုမှာ Lazy Club တီး ဖြစ်တော့ ဒိုးလုံးရဲ့ သီချင်း 'ယုံပါ'ကို ကတ်ဆက်ခွေထဲက သူဆိုပြတဲ့ ပုံစံ ခန့်မှန်း ပြီး ကိုအောင်ကို တီးပေးဖူးရင်း သူ့အနုပညာကို သတိထားလိုက်မိပါတယ်။

နောက်ပိုင်း Alternative စီးရီးတွေ ရဲ့ ရှေ့ပြေး ဖြစ်တဲ့ THE ANTS အခွေ နားထောင် ဖြစ်ခဲ့တော့ စီးရီးတစ်ခုလုံးကိုကြိုက်မိပါတယ်။ အဲဒီ အထဲကမှ အဆိုတော် ဘိုဘို ဆိုထားတဲ့ 'လမင်းလေး'ဆိုတဲ့ သီချင်းလေးကို အထူးကြိုက်နှစသက် မိပြီး သီချင်းရေး ဆရာဟာ ဒိုးလုံးလို့ နောက်ပိုင်းမှ သိရလို့ လေးစားမိပါတယ်။

နောက်ထပ်လည်း ဒီလိုအနုပညာတွေ အတူတူဖန်တီးရင်း သူ့ရဲ့ အနုပညာ အရည် အသွေးကို အကဲခတ်မိတဲ့ ကိုမောင်မောင်ထွေး (Heart Music)ထုတ်လုပ်ရေး က သူ့ရဲ့ အကောင်းဆုံးတေးတွေ ကို VCD ခွေပါထုတ်ပေးဖို့ ကြိုးပမ်းနေချိန် ကျွန်တော် တို့ Lazy Club အဖွဲ့ကလည်း 19:18( 1,2,3)နဲ့ Heart ထုတ်လုပ်ရေး အတွက် ကြိုးပမ်းနေကြသူမို့ ညီအစ်ကိုအရင်းတွေ လို ဒိုးလုံးနဲ့ ခရီးအတူသွား၊ ပွဲတွေ တက်ဆိုနဲ့ တကယ့်ကို ပျော်စရာပါ။ အဲဒီ မှာ လည်း ဒိုးလုံးဟာ သူ့ထက်ပိုပြီး ဝါရင့် သမ္မာရင့်သူတွေ ကို ရိုရိုသေသေ လေးလေး စားစား ဆက်ဆံပါတယ်။ ကျွန်တော် တို့လို အတီးသမားတွေ ကိုလည်း 'ဟုတ်ကဲ့ ခင်ဗျာ ... ဟုတ်ကဲ့ ခင်ဗျာ'နဲ့ကို တကယ့် ကလေး တစ်ယောက် လို ပုံစံမျိုးနဲ့ သူ့ကိုယ်သူ နှိမ့်နှိမ့်ချချ ဆက်ဆံတတ်တာလည်း သတိထားမိပါတယ်။

သူနဲ့ ခရီးအတူထွက် ဖြစ်ခဲ့တဲ့ ခရီးတစ်ခု ကတော့ Heart (တေးထုတ်လုပ်ရေး )ဆိုင်ခွဲ မန္တလေးမှာ ဖွင့်တဲ့ အထိမ်းအမှတ်နဲ့ အဆိုတော် တွေ ၊ ကျွန်တော် တို့ Lazy Clubအဖွဲ့သား တွေ ကို အဲကွန်းကားကြီးနဲ့ အပျော်ခရီးထွက်ကြဖို့ ကိုမောင်မောင်ထွေး Heartက စီစဉ် ပေးပါတယ်။ အဲဒီ ခရီးမှာ ညာ၁ဝနာရီကျော်မှာ ပဲခူးက အထွက်လူပြတ်တဲ့

လမ်းမကြီးပေါ်မှာ ခရီးသည်တွေ အပေါ့အပါး သွားဖို့ ကားခဏရပ်ပေးပါတယ်။ ကျွန်တော် တို့ ကားပေါ်ပါသူ အမျိုးသားအားလုံးလိုလို ဆင်းပြီး အပေါ့သွားကြ၊ ဆေးလိပ်သောက်ကြနဲ့ နားနေကြပြီး အားလုံးကိစ္စဝိစ္စ ပြီးပြီဆိုတာနဲ့ ကားပေါ်တက် ခရီးဆက်ခဲ့ကြပါတယ်။ ကားထွက်ပြီးလို့ ၂မိနစ်လောက်အကြာ မျက်လုံးလျင်တဲ့ကျွန်တော် က ကားပေါ်မှာ လူစုံ မစုံ တစ်ချက်ကြည့် လိုက်ရုံ နဲ့ ဒိုးလုံးကျန်ခဲ့ပြီဆိုတာသိလိုက်ရပါတယ်။ ဘာကြောင့် လဲဆိုတော့ သူ့ရည်းစား အဆိုတော် (အဲဒီ အချိန်က မယူသေး)ချောစုခင်က အိပ်ပျော်နေပြီး သူနဲ့ ဘေးချင်းကပ်ထိုင် တဲ့ ဒိုးလုံး နေရာက လွတ်နေလို့၊ ကားပေါ်မှာ လည်း မတွေ့တာကြောင့် ချောစုကိုနှိုးပြီးမေး တော့ သူလည်းအိပ်ပျော်ရာက လန့်နိုးလာပြီး မသိကြောင်း ပြောပါတယ်။ အဲဒီ မှာ တင် ကား ဆရာကို ပြေးပြီး ကားရပ်ခိုင်း၊ ကားလမ်းမကြီးမှာ နောက်ပြန်လှည့်လို့မရတဲ့ ကားကြီး ဖြစ်နေလို့ ဘက်ဆုတ်ပြီး ဖြည်းဖြည်းချင်း ပြန်မောင်းခိုင်းရပါတယ်။ တော် တော် နီးလာတော့ မှ ကားပေါ်ကဆင်းပြီးသူရှိမယ့်ဆီ လိုက်ရှာတော့ ခတ်တိုင် ၄တိုင်လောက်အကွာကနေ ပြေးလာနေတာကို တွေ့ရပါတော့တယ်။ ဆေးလိပ်မီးကလေးကလည်း ရဲလို့ပါ။ သူ့ကို ကမန်းကတန်းမှော င်ကြီးထဲမှာ ပြန်တွေ့လို့ဝမ်းသာတာရယ်၊အားလုံးကားပေါ်ပြန် တက်ချိန် မှာ သူအချိန်မီ ကားပေါ် ပြန်မရောက်လို့ စိတ်တိုတာရယ်၊ ပေါင်းပြီး မေးရပါတော့တယ်။ သူက ကျွန်တော် က အပေါ့သွားရင် အာရုံကြော အားနည်းတဲ့ ရောဂါ ရှိလို့ တော် တော် ကြာမှ အပေါ့သွားလို့ရတယ်။ ဒါကြောင့် ကျန်တဲ့သူအားလုံးက ကိစ္စရှင်းပြီးချိန်မှ ကျွန်တော် က ဆီးသွားနိုင်လို့ အခုလိုမှော င်ထဲမှာ တစ်ယောက် တည်း ကျန်ရစ်ခဲ့တာပါလို့ သနားစဖွယ် လေသံခပ်အေးအေးနဲ့ ပြန်ရှင်းပြရှာပါတယ်။ ဒါကလည်း ဒိုးလုံးနဲ့ ခရီးသွားမိခဲ့တဲ့ အမှတ် တရပါ။ နောက်တစ်ခါ ထပ်ပြောချင်တဲ့ အမှတ်ရချက် ကတော့ ဖားကန့်ကို မြန်မာနိုင်ငံဂီတ အစည်းအရုံးနဲ့ ဖျော်ဖြေရေး ခရီး ထွက်စဉ်က ဒိုးလုံးလည်းပါပါတယ်။ ထူးခြားတာ တစ်ခုက ကျွန်တော် တို့ ယောကျ်ားလေးတွေ အားလုံး ရုံးအဆောင်အအုံကြီးရဲ့ အပေါ်ထပ် မှာ မွေ့ရာတစ်ခု၊ ခေါင်းအုံးတစ်လုံး၊ စောင်တစ်ထည်စီနဲ့ တန်းစီအိပ်ကြရပါတယ်။ ကျွန်တော့် ရဲ့ ဘေးမှာ ဒိုးလုံးရဲ့ အိပ်ရာရှိပါတယ်။ ဒီလိုသာအိပ်ရာရှိတာ၊ ကျွန်တော် တို့ ရောက်တဲ့နေ့ ကစပြီး ပြန်တဲ့နေ့အထိ ၄ရက်လုံးလုံး ဒိုးလုံးကို တစ်ခါမှ လာအိပ်တာ မတွေ့ရပါဘူး။ သူ့ကို

ချစ်တဲ့ အနုပညာချစ်ပရိသတ်သူငယ်ချင်းတွေ နဲ့ ပျော်မွေ့၊ သူတို့အိမ် လိုက်လည်ပြီး သူတို့ နဲ့မခွဲမခွာ နေနိုင်တဲ့ ဒိုးလုံးက အနုပညာသမားနဲ့ အနုပညာချစ်တဲ့ပရိသတ် ခွဲမရဘူး ဆိုတာ ဖားကန့်မှာ ကျွန်တော် တို့ကို သက်သေပြခဲ့ပါတယ်။ ကိန်းကြီးခန်းကြီးမထားဘဲသူ့ ပရိသတ် လူငယ်တွေ နဲ့ အဆင်ပြေတာကြောင့် စတိတ်ရှိုးနေ့ ၂ရက် လုံးလုံး ဒိုးလုံးမှဒိုးလုံး ပရိတ် သတ်ကြီးက အားပေးကြပါတယ်။

ဒီလိုနဲ့ ဖျော်ဖြေပွဲအပြီး ပြန်မယ့်နေ့ မနက် ၇နာရီလောက်ဖားကန့်က ကားအကြီး စားနဲ့ ထွက်ခဲ့ပါတယ်။ ကားက အကောင်းစားဆိုပေမယ့် လူအများ ကြီး တက်စီးမှ။ ကားက ငြိမ့်ညောင်းအောင် ပြပြင်ထားလို့ နောက်ခန်းမှာ ကျွန်တော် နဲ့ ဒိုးလုံး နှစ် ယောက် ပဲစီးတော့ လမ်းက ကြမ်းလေ၊ ကားကလူးလေ၊ ကျွန်တော် နဲ့ ဒိုးလုံး ဆန်ကောထဲက ဇီးဖြူသီးတွေ လို လူးလိမ့်နေအောင် ခံရပါတော့တယ်။ အဲဒီ မှာ ဒိုးလုံးက ကားကို ရပ်ခိုင်းဖို့ ကျွန်တော့် ကို ပြောပါတယ်။ သူ့မှာ အစာအိမ် ရောဂါ ရှိနေလို့ အထဲက ကလီစာတွေ နာလှပြီ။ ဒါကြောင့် ဖားကန့်ကို ပြန်ပြီးမောင်းပါ။ အဲဒီ မှာ ရှိတဲ့ ဗင်ကားလေး တစ်စီးနဲ့ပဲ ပြန်ပါတော့မယ်လို့ တောင်းပန်လာတာကြောင့် ၇မိုင်လောက် ရောက်ပြီးသားခရီးကို နောက်ပြန်လှည့်ခိုင်းပြီး ဖားကန့်ကို ပြန်ထွက်ခဲ့ရပါတော့တယ်။

ကားဆရာလည်းသိပ်ပြီး အမြင်မကြည်လင်ပေမယ့်အဆိုတော် နဲ့ကျွန်တော် တို့ နှစ် ယောက် လုံးရဲ့ စကားကြောင့် သာ ပြန်ခဲ့ရတာ ။ စကားတော့ သိပ်မပြောတော့ပါဘူး။ ကျွန် တော် တို့ လည်း ဖားကန့် ပြန်ရောက်တာနဲ့ မန်နေဂျာစိုးနိုင်ထွန်း( အီကြာကွေး)နဲ့ တီးဝိုင်း စက်ဆရာ နှစ် ယောက် သာ ကျန်တော့တဲ့ ဗင်ကားတစ်စီးပေါ်တက်ပြီး အဲဒီ ဗင်ကားမှာ ၄ယောက် စီးပြီး မြစ်ကြီးနားကို ပြန်ကြဖို့ စီစဉ်ရပါတော့တယ်။ အဲဒီ မှာ အခက်တွေ့တာက ဗင်ကားခေါင်းခန်းမှာ တစ်ယောက် ထိုင်ပြီး နောက်ခန်းမှာ သုံးယောက် က ကျပ်ကျပ်တည်း တည်း ထိုင်ရမယ့်ပုံစံ ဖြစ်နေပါတယ်။ ရှေ့ခန်းမှာ ဘယ်သူထိုင်မလဲဆိုတော့ အီကြာကွေး ရယ်၊ ဒိုးလုံးရယ်၊ စက်ဆရာရယ်က ကျွန်တော် ပဲထိုင်ပါဆိုပြီး (အသက်အရွယ်ကြောင့် ထင်ပါရဲ့ )ထိုင်ခိုင်းကြပါတယ်။ ကျွန်တော် ကလည်း ကိုယ်ကရှေ့ခန်းမှာ သက်သော င့်သက် သာ ထိုင်၊ နောက်က လူ ၃ယောက် က ကျပ်ကျပ် ညပ်ညပ် ထိုင်ရမှာ သိပ်တော့ မကြိုက်ပါ ဘူး။

ဒါကြောင့် ဒိုးလုံးကို ကျန်းမာရေး အရရော၊ အဆိုတော် ရော အကြောင်းပြချက် နှစ် ခုနဲ့ ရှေ့ခန်းထိုင်ဖို့ ပြောပါတယ်။ ဒိုးလုံးက လက်မခံပါဘူး။ ဒါကြောင့် စက်ဆရာ ထိုင်ပါဆိုတော့ ‘ဘိုးတော် ’ကလည်း မထိုင်၊ မန်နေဂျာ ထိုင်ပါ ဆိုတော့လည်း မထိုင်နဲ့၊ ကားခေါင်းခန်း ပြနေသောကြောင့် ကားမထွက်နိုင် ဖြစ်နေရပါတော့တယ်။ နောက်ဆုံးတော့ မဲခွဲပြီး အလှည့်ကျ ဆုံးဖြတ်ရမှ ကျေနပ်တဲ့ ကျွန်တော့် စိတ်အတိုင်း ရှေ့ခန်းမှာ ပထမဆုံးထိုင်မယ်။ ကားခဏရပ်တာနဲ့ နောက်က တစ်ယောက် ရှေ့လာ ငါနောက်ဆင်းထိုင်မယ်၊ ကားရပ်တိုင်း လူလဲထိုင်ကြမယ်လို့ ဆုံးဖြတ်တော့ အားလုံးကလည်း သဘောတူကြပါတယ်။ ဒီလိုနဲ့ ကားစထွက်ချိန် ကျွန်တော် ကားခေါင်းခန်းမှာ ထိုင်လိုက်ပါတယ်။ မြင်ကွင်းအသစ်အဆန်း တွေ အလှအပတွေ အာရုံစိုက် ကြည့်နေတုန်း ၁၅မိနစ်လောက် ကားမောင်းပြီးချိန် ဒိုးလုံး ဆီက ကားရပ်ပေးပါ ဆိုတဲ့ အသံစကြားရပါတော့တယ်။ သူရဲ့ ဆီးသွားချင်ရင် မထိန်း နိုင်တဲ့ ရောဂါ (အာရုံကြော)ကြောင့် ရပ်ခိုင်းတာပါ ဆိုပြီး ခပ်ကြာကြာ စောင့်နေပေးရပါ တော့တယ်။ သူလည်း အပေါ့သွားပြီး ကားပြန်ထွက်ခဲ့ချိန်မှာ တော့ ကျွန်တော့် ကတိအတိုင်း နောက်ဆင်းထိုင်၊ ရှေ့ခုံကို အီကြာကွေးက သွားထိုင်ပါတယ်။ ဒီလို သွားနေရင်း ခဏလောက် ညက အိပ်ရေး ပျက် (စတိတ်ရှိုးကလည်း ည ၂နာရီမှပြီးလို့)ငိုက်မယ်ကြံတုန်း ကားရပ်ခိုင်းသူက ဒိုးလုံးပါပဲ။ ဒါကြောင့် ကားရပ်၊ အပေါ့သွား၊ ကားပြန်ထွက်တော့ အသက်အကြီးဆုံး စက်ဆရာကြီးကို ခေါင်းခန်းမှာ လူလဲထိုင်ပြီး အီကြာကွေးက နောက်ပြန်ဆင်းလာပါတယ်။ နာရီဝက်လောက်အကြာမှာ လဲ ဒိုးလုံးက ဆီးသွားချင် ပါတယ်လို့ အော်လာလေတော့ ကားရပ်၊ အားလုံး အပေါ့သွားပြီး ဒိုးလုံး ၄ယောက် ထဲမှာ အသက်အငယ်ဆုံးလည်း ရှေ့ခန်းမှာ ဝင်ထိုင်ပြီး ကျွန်တော် တို့ ၃ယောက် နောက်မှာ ကျပ်ကျပ်သပ်သပ်လိုက်ခဲ့ရတာ ။ မြစ်ကြီးနားရောက်တဲ့အထိ အနှောင့်အယှက်မပေး။ ဆီးမသွားတော့လို့ ရှေ့ခန်းမှာ ပဲ အမြဲထိုင်ခွင့်ရသွားတဲ့ ဒိုးလုံးရဲ့ ပညာကို ကျွန်တော် လက်ဖျားခါမိသွားအောင် ရခဲ့ပါတယ်။ (တကယ်တော့ သူ့ဘာသာသူ ဆီးမသွားချင်တာဘဲ ဖြစ်မှာ ပါ။) ကျွန်တော် တို့ ၄ယောက် က မြွေနဲ့ လှေကား ကစားနည်းလို အပေါ် တက်သွား လိုက်၊ အောက်ပြန်ဆင်းလိုက်နဲ့ နောက်ဆုံးကစားရသူ ဒိုးလုံးက သူ့အလှည့်မှာ နောက်ပြန် မဆင်းရအောင်ဘဲ ဆီးသွားချင်စိတ်ကို အောင့်ပြီး လိုက်လာတာလား။ ကျွန်တော် တို့ကပဲ

ရှေ့ခန်းမှာ မထိုင်ချင်တော့လို့ ကားမရပ်ခိုင်းတာလား။ အခုအချိန်မှာ တွေ းလို့မရနိုင် တော့ပါဘူး။

ဘာပဲ ဖြစ် ဖြစ်ပညာရှိနည်းနဲ့ရှေ့တန်းရောက်အောင်လုပစွာ လှည့်စားသွားတဲ့ ပညာရပ် ပဲ။ ဒိုးလုံးအသုံးချသွားသလား။ တကယ်ကို ရိုးရိုးသားသား အပေါ့သွားချင်ခဲ့ လို့ပဲ ကျွန် တော် တို့ ၃ယောက် နောက်ပြန်ဆင်းခဲ့ရအောင် ကားရပ်ခိုင်းခဲ့တာလား မေးကြည့်စရာ ပုဂ္ဂိုလ်ဒိုးလုံးမရှိတော့ပေမယ့် တမလွန်ဘဝကနေ လူ့လောကထဲ၊ ဂီတလောကထဲကို ပြန် ဝင်လာဖို့ ဒီလို နည်းစနစ်လေးနဲ့ အသုံးပြုပြီး အမြန်ဆုံး ပြန်လာခဲ့တယ်ဆိုရင်တော့ ဂီတ လူစွမ်းကောင်း၊ ကိုယ်ပိုင်သံစဉ် လူစွမ်းကောင်း လိုအပ်နေတဲ့ ကျွန်တော် တို့ ဂီတ လောက ကြီးကိုယ်စား ကျွန်တော် ကတော့ လှိုက်လှဲစွာ ကြိုဆိုနေပါတယ်လို့ပဲ ဒိုးလုံး တစ်ယောက် ကြား နိုင်မယ်ဆိုရင် ပြောပြလိုက်ချင်ပါတော့တယ်။ စာဖတ်ပရိသတ်ကြီးလည်း ကျွန်တော့် လို သဘောထားနိုင်ကြမယ်လို့ ယုံကြည်မိပါတယ်။

( ပထမ တစ်ခါ ဒိုးလုံးအကြောင်း ရေး ဖူးပေမယ့် အကြောင်းကြောင်းကြောင့် မဖော်ပြ ဖြစ်ခဲ့လို့ ဒီကိစ္စလေးကိုပဲ ဒုတိယစာမူနဲ့ ဒိုးလုံး အမှတ်တရ ရေး လိုက်ပါတယ်။)

Beauty မဂ္ဂဇင်း၊ အောက်တိုဘာ ၂၀၀၉

$(\rho)$



# ကျွန်တော် နဲ့ မွန်တိုင်းရင်းသား အလွဲများ

မှတ်မှတ်ရရ 'နံနက်ခင်းဂျာနယ်'မှာ ကျွန်တော် စာရေး ခဲ့တာ တစ်နှစ် တိတိပြည့်ခဲ့ပါပြီ။ တကယ်တမ်း စာရေး ဖို့ တိုက်တွန်းတဲ့ကိုတင်မောင်ဆွေနဲ့ အင်တာဗျူး မှာ စခဲ့ ကတိလေး အတိုင်း အဆိုတော် ကိုဂျေမောင်မောင်ရဲ့ အကြောင်းလေးကို ပြီးခဲ့တဲ့ နှစ် ၊ တန်ဆောင်မုန်း လပြည့်နေ့ကစပြီးရေး ဖြစ်ခဲ့ရာကစာဖတ်ပရိတ်တွေ ရဲ့ ဆက်ရေး ဖို့တိုက်တွန်းမှု တွေ ကြောင့် (ပရိသတ်ထဲမှာ မင်းသား၊ မင်းသမီး၊ နာမည် ကြီး အဆိုတော် တွေ တောင် ပါတယ်နော်၊ ကြုံလို့ ကြွားတာပါ။) တစ်နှစ် ပြည့် အမှတ်တရ အနေနဲ့ရော၊ နောက်ထပ်ဆက်ပြီး စာဖတ် ပရိသတ်တွေ ဖတ်ချင်တဲ့ ဗဟုသုတရှိမယ့်၊ အကျိုးရှိမယ့် စာလေး တွေ ဆက်ပြီး ရေး ပါဦး မယ်လို့ကတိပေးရင်း ဒီတစ်ပတ်အတွက်'ကျွန်တော် နဲ့ မွန်တိုင်းရင်းသား အလွဲများ 'ကို ရေး ပါရစေ။

ကျွန်တော့် ကို ဂီတာသမား အ ဖြစ်လက်ခံလာချိန်မှာ ဘယ်လိုရေစက်ကြောင့် လည်း မသိပါဘူး။ မွန်တိုင်းရင်းသား အဆိုတော် တွေ ရဲ့ သီချင်းခွေတွေ တော် တော် များများ လာအပ်ကြတာ ကြုံဖူး၊ တီးခဲ့ဖူးပါတယ်။ လူတော် တော် များများ ကလည်း ကျွန်တော့် နာမည် ရဲ့ ရှေ့စာလုံးက 'နိုင်' ဖြစ်နေလို့ မွန်လူမျိုးလားလို့ မေးတာလည်း ကြုံဖူးပါတယ်။ မွန်တိုင်းရင်းသားတွေ က နာမည် ရဲ့ ရှေ့မှာ 'နိုင်'ဆိုတဲ့ စာလုံးနဲ့ စတာများ ပါတယ်။ ကျွန်တော် ကတော့ ဗမာလူမျိုးစစ်စစ်ပါ။ ဒီလို တိုင်းရင်းသားတွေ ရဲ့ တေးသီချင်းလေးတွေ သူတို့ဘာသာစကားနဲ့ဆိုကြတာကို စာသားတစ်လုံးမှ မသိဘဲ တီးတဲ့ကျွန်တော့် ရဲ့ လက်ရာ တွေ က သူတို့ရင်ထဲက ခံစားမှု နဲ့ ထပ်တူကျလွန်းလို့ ကျွန်တော် သူတို့ စာသားတွေ ကိုဘယ်လိုခံစားမိသလဲလို့ မွန်အဆိုတော် လေးတွေ ကမေးကြတော့ 'ငါ စိတ်ထဲ ထင်တာကို ခံစားပြီး တီးတာ'လို့ ရိုးရိုး သားသားပဲ ပြန်ဖြေဖူးပါတယ်။

ပထမဆုံး လက်တွဲ မိတဲ့ မွန်အဆိုတော် က 'ရာမာန်'ဆိုတဲ့ အဆိုတော် သစ်ပါ။ (အခု အဲဒီ ရာမာန်က ထိုင်းနိုင်ငံမှာ နေ၊ ထိုင်းလူမျိုး ထုတ်ဝေသူက ထိုင်းတီးဝိုင်းနဲ့ တီးပေး၊ ထိုင်း မော်ဒယ်တွေ နဲ့ ဗီစီဒီကာရာအိုကေ ရိုက်ပြီး ထိုင်းနိုင်ငံနဲ့ စင်္ကာပူက

မွန်တိုင်းရင်းသားတွေ နဲ့ ဗီစီဒီကာရာအိုကေ ရိုက်ပြီး ထိုင်းနိုင်ငံနဲ့ စင်္ကာပူက မွန်တိုင်းရင်းသားတွေ ကို ရောင်းပေးနေ တယ် ဆိုတော့ မွန်သီချင်းစျေးကွက်က အားကျစရာကြီးပါ။) အဲဒီ အဆိုတော ရဲ့ ပထမဆုံး စီးရီး 'မဟူရာမွန်'လို့ အမည် ရတဲ့ သီချင်းခွေကို တီးပေးဖို့ တစ်နေ့မှာ 'နဝရတ်' စတူဒီယိုရဲ့ ဖုန်းကို အစ်ကိုကြီး တစ်ယောက် (မွန်တိုင်းရင်းသားအသံနဲ့) အပြင်ကနေ ဖုန်းဆက်ပါတယ်။ ကျွန်တော် လည်း လေးလေးစားစားပါပဲ ပြန်ဖြေပါတယ်။

'အစ်ကို ကျွန်တော် မွန်သီချင်းတွေ ကို တစ်ခါမှ မတီးဖူးဘူး။ ဒါပေမဲ့ အကောင်းဆုံး ဖြစ်အောင်ကြိုးစားပြီး တီးပေးပါ့မယ်'ဆိုပြီးကတိပေး၊ အလုပ်လက်ခံတော့ တစ်ဖက်ဖုန်း ထဲက အစ်ကိုကြီးက 'ကိုနိုင်ဇော့် လက်သံကို ကြိုက်လို့ အပ်တာပါ။ ယုံပါတယ်'ဆိုစရန်လာ ပေးပါလို့ ချိန်းပါတယ်။ ဒါနဲ့ ကျွန်တော် လည်း ညနေပိုင်း နဝတ်ရတ် စတူဒီယိုကို လာပေးပါ လို့ ချိန်းလိုက်ပါတယ်။ ဒါနဲ့ ညနေပိုင်း သူတို့လာမယ့်အချိန် ရောက်လာလို့ ထွက်စောင့်နေ တုန်း၊ တကယ် ရောက်လာတာ ဘုန်းကြီးတစ်ပါး ဖြစ်နေလို့ 'ဘာအတွက်ကြွလာတာလဲ ဘုရား' ဆိုပြီးမေးလိုက်တော့မှ ဘုန်းကြီးက 'ကိုနိုင်ဇော်စရန်ပေးဖို့ ချိန်းထားတယ်လေ' ဆိုတော့မှ တယ်လီဖုန်းထဲကအသံရှင်ကို 'အစ်ကိုကြီး၊ အစ်ကိုကြီး' နဲ့ (ရုပ်မမြင်ရတော့) ခေါ်မိတဲ့ ကျွန်တော့်မှာ ချက်ချင်း လက်အုပ်ချီပြီး 'အရှင်ဘုရားကိုဖုန်းထဲမှာ မသိလို့ပါဘုရား' ဆိုပြီး တောင်းပန်ပြီးမှ သူပေးတဲ့ စရန်ငွေကို အားနာပါးနာ မျက်နှာပူပူနဲ့ ယူခဲ့ရပါတယ်။ (ကျွန်တော့် အ ဖြစ်က အဖွင့်ထဲက လွဲတာပါ။)

မွန်တိုင်းရင်းသား အဆိုတော် တွေ က သူတို့မြို့ ရွာကနေ ရန်ကုန်ဆင်းမလာနိုင်ခင် ရန်ကုန်က သူတို့ရဲ့ ဆရာ ကိုးကွယ်ရာ ဘုန်းကြီးတွေ ဆီ အကူအညီတောင်းပြီး စီစဉ်ကြလို့ ဘုန်းကြီးလည်း မနေသာတော့ဘဲ ကြွလာရတာ ကို နောက်မှ သိရပါတော့တယ်။

အဲဒီ တေးစီးရီး စပြီး မွန်တိုင်းရင်းသား သီချင်းတွေ တီးမိခဲ့တဲ့ ကျွန်တော့်မှာ နောက်ထပ် မွန်တိုင်းရင်းသား အဆိုတော် တွေ နဲ့ ဆက်တိုက်ချိတ်ဆက်မိပြီး တီးရပါတော့ တယ်။ သူတို့မွန်လူမျိုးတွေ က တအား ရိုးသားကြပါတယ်။ လူတွေ ့တာနဲ့ သူတို့ ့ဓလေ့ထုံးစံ

အတိုင်း လက်အုပ်ချီပြီး နှုတ်ဆက်တော့ ကျွန်တော့်မှာ ဘာပြန်လုပ်ရမှန်း မသိပါဘူး။ (အခုတော့ သူတို့လက်အုပ်ချီရင် ကိုယ်လည်းပြန်ချီပါ။)

မွန်အဆိုတော် 'စမိုင်းချမ်း'က သူ့အဖွဲ့အသစ်တစ်ခု ထောင်မယ်ဆိုပြီး မွန်ပြည်နယ် က မွန်တိုင်းရင်းသား အဆိုတော် သစ်လေးတွေ တစ်ဖွဲ့ကြီး ခေါ်လာပြီး December စတူဒီယိုမှာ သီချင်းခွေ တစ်ခွေ အလုပ်အပ်ပါတယ်။ ကျွန်တော် ဂီတာသမားမလုပ်ခင် ကတည်းက အရင်ခေတ် အတီးသမား(တချို့)ရဲ့ မကောင်းတဲ့အကျင့်တွေ မယူဘူးလို့ ဆုံးဖြတ် ထားပါတယ်။ ဥပမာ- တီးပေးနိုင်ရက်နဲ့ အိုက်တင်ခံပြီး မအားသေးချင်ယောင် ဆောင်တာ၊ ကိုယ် ကြိုက်တာဝယ်မကျွေးလို့မတီးဘဲပညာပြတာ၊ အရက်ဝယ်တိုက် ခိုင်းတာ၊ ပိုက်ဆံမရသေးလို့ မတီးသေးတာ၊ တမင်သက်သက် ကိုယ်မှာ ကားရှိရက်နဲ့ သူများ ကို အိမ်လာကြိုခိုင်းတာ၊ လူချင်း အဆင်မပြေတာကြောင့် သီချင်းကို ကောင်း ကောင်းမတီးပေးတာ စသဖြင့် ကြားဖူး၊ ကြုံဖူးမှုတွေ ကို ကျွန်တော့်ရဲ့ ဂီတာသမား ဘဝထဲကို လုံးဝယူမလာပါဘူး။ ( မကျေနပ်ရင် အပြင်မှာ ရှင်းပါတယ်။)

ဒါကြောင့် သူတို့ရဲ့ သီချင်းတွေ ကို ချက်ချင်း ပဲ စတူဒီယိုမှာ ဒိတ်ယူပြီး တီးပေးပါ တယ်။ ဒီလို တီးပေးတော့ နယ်ကနေ ဘုန်းကြီးကျောင်းမှာ လာနေပြီး သီချင်းဆိုရတဲ့ သူတို့အတွက်တော့ စရိတ်သက်သာတော့ သူတို့က ဝမ်းသာကြပါတယ်။ ဒါကြောင့် သူတို့ အဆိုတော် အားလုံးရဲ့ ခေါင်းဆောင် ဖြစ်သူကို ကျွန်တော် က 'ငါ့ကို လာခေါ်စရာ မလိုဘူး၊ ဘာမှလည်း တကူးတကဝယ်ကျွေးဖို့ မလိုဘူး။ ငါ့ဘာသာ လာမယ်။ အနားမှာ ရှိတဲ့ ထမင်း ဆိုင်ကိုသွားစားမယ်။ ပိုက်ဆံလည်း မပေးခဲ့နဲ့။ ငါ စိုက်ထားမယ်'ဆိုပြီး သူတို့ တာဝန် ပေါ့အောင် ကြိုပြောထားပါတယ်။

တကယ်လည်း သူတို့ သီချင်းတွေ တီးမယ့်နေ့လည်း ရောက်ရော မနက် ၁၀နာရီ ကိုယ့်ကားနဲ့ ကိုယ် စတူဒီယို သွားတီးပါတော့တယ်။ သူတို့ ကတော့မလာသေးပါဘူး။ နေ့လယ် တစ်နာရီ အသံဖမ်းတဲ့သူနဲ့ ထမင်းထွက်စားတော့လည်း မလာကြပါဘူး။ ညနေ ၄ နာရီ လက်ဖက်ရည်သောက်တော့လည်း တစ်ယောက် မှမလာကြပါဘူး။ ညနေ၆နာရီ အထိ

မရောက်လာသေးတော့ ကိုယ်တီးထားတာ သူတို့ကြိုက်မှကြိုက်ပါ့မလား မသိဘူး ဆိုပြီး စိုးရိမ်စိတ်တောင် ဝင်လာပါတယ်။

ကိုယ့်အရင် သူတို့ လက်တွဲ ခဲ့သူတွေ ကို သူတို့ လက်တွဲ ခဲ့သူတွေ ကို သူတို့ ကိုယ်တိုင် ကြိုရ၊ အရက်တိုက်ရ၊ တီးဖို့ တောင်းပန်ရသလောက် ကိုယ်က သဘော ကောင်းလို့ အခုလို တစ်ယောက် တည်း ပစ်ထားခံရတာ ဆိုပြီး ဒေါသထွက်လာ ပါတော့ တယ်။ တကယ်ဆိုရင် တစ်ယောက် လာသင့်တာပါ။

အဲဒီ လို ဒေါပွနေချိန်မှာ ဆရာသမားကိုရှေ့မှူ့နတ်တို့ အဖွဲ့လိုက်ကြီး စတူဒီယိုကိုရောက် လာပါတော့တယ်။ ကျွန်တော် ဂီတာတီးနေတာကို တစ်ဖွဲ့လုံး ဝိုင်းအံ့ကြည့်ကြ တော့ တာပါပဲ။ ဒါနဲ့ကျွန်တော် လည်း စိတ်ဆိုးဆိုးနဲ့ ဂီတာပြီးအောင်တီးပြီး သီချင်းဆုံးချိန်မှာ သူတို့ အဖွဲ့ခေါင်းဆောင်နဲ့အဖွဲ့သားအားလုံးကို ‘ငါ ကတော့ မင်းတို့ အလုပ်ရှုပ်မှာ စိုးလို့ အေးအေး ဆေးဆေးမှ လာလို့ပြောတာ။ အခုတော့ ညကျမှ လာတယ်။ အရင်အတီးသမားတွေ တုန်းက ဒီလို လုပ်ရဲ့သလား’စသဖြင့် တရစပ် ပြောမိပါတော့တယ်။

ထူးခြားတာကကျွန်တော် ကသာဒေါသထွက်နေတာပါ။ သူတို့အားလုံးကကျွန်တော် ပြောတာကို ရယ်ရယ်ပြုံးပြုံးနဲ့ ဝိုင်းပြီး နားထောင်နေကြပါတယ်။ ကျွန်တော့် ကို ဘာမှလည်း ပြန်မပြော၊ စိတ်လည်း မဆိုးတဲ့အပြင် ရယ်တောင်ပြနေကြပါတယ်။

ဒီလို သဘောကောင်းတဲ့ လူမျိုးမတွေ့ဖူးတဲ့ ကျွန်တော့် မှာ ကြောင်တောင်တောင် ဖြစ်နေတုန်း ခေါင်းဆောင်လုပ်သူက ‘ကိုနိုင်ဇော်စိတ်တိုပြီး ပြောတော့စကားတွေ အရမ်း မြန် လို့သူတို့တစ်လုံးမှနားမလည်ကြဘူး။ မြန်မာစကားလည်း သူတို့တော် တော် များများ မ ပြော တတ်ကြဘူး’ဆိုမှသူတို့ဘာကြောင့် ကျွန်တော် ကိုရယ်နေကြသလဲဆိုတာသိရပါတော့တယ်။

မြန်မာစကား မတတ်သူတွေ ကို မြန်မာလိုသွားဆူတော့ ရယ်စရာ ဖြစ်နေတော့ တာပေါ့။ ဒါနဲ့ ကျွန်တော် လည်း ‘မင်းတို့ တစ်နေ့လုံး ဘယ်သွားနေကြတာလဲ’ လို့ မကျေမနပ်

ထပ်မေးလိုက်တော့မှ ခေါင်းဆောင်လုပ်သူက 'ပန်းခြံထဲမှာ ဓာတ်ပုံရိုက်နေကြ တယ်' လို့ဖြေသံ ကြားလိုက်ရမှပဲ ကိုယ်လည်းနိုင်ငံခြားရောက်ရင် ပန်းခြံတွေ ထဲမှာ ဓာတ်ပုံရိုက် သွားတတ်တော့ ကိုယ်ချင်းစာမိသွားပြီး ဒေါသလည်း ပျောက် သွားပါတော့ တယ်။ အဲဒီ လို မွန်မင်းသားတွေ ပါ။

မွန်တေးစီးရီးတစ်ခွေ နဝရတ် စတူဒီယိုမှာ တီးပေးတုန်းကလည်း မွန်အဆိုတော် တစ်ယောက် ကတော့ တော် တော့် ကို အားနာတတ်ပုံရပါတယ်။ ကျွန်တော် ဂီတာတီးတာကို ချောင်တစ်ခုထဲက ပုန်းပြီး နားထောင်ပါတယ်။ (ကျွန်တော် စိတ်အနှောင့်အယှက် ဖြစ်မှာ စိုး လို့ ထင်ပါရဲ့ ) ဘယ်လိုခေါ်ခေါ်ထွက်လာပါဘူး။ သီချင်းအားလုံး တီးပြီးလို့ ပစ္စည်း တွေ သိမ်းနေချိန်မှာ ကျွန်တော့် ကို သီချင်းတစ်ပုဒ် အစကနေ ပြန်ဖွင့်ပေးဖို့ တိုးတိုးလေး လာပြောပါတယ်။ ကျွန်တော် လည်း အသံဖမ်းဆရာကို သီချင်းကို အစက ပြန်ဖွင့်ပေဖို့ ပြောလိုက်ပါတယ်။ သီချင်းလည်း စဖွင့်ရော၊ မွန်အဆိုတော် လေးက စပီကာနှစ် လုံးရဲ့ အလယ်တည့်တည့်မှာ သွားရပ်ပြီး လက်ထဲက Walk Manကက်ဆက်သေးသေးလေးကို သူ့ခေါင်းပေါ် မြှောက်ပြီး ကျောက်ရုပ်လို ရပ်နေပါတော့တယ်။

ကျွန်တော် လည်း ထူးဆန်းတဲ့ အမူအရာကြောင့် ဘာလုပ်တာလဲ၊ သေသေချာချာ ကြည့်တော့မှ အဲဒီ သီချင်းကို သူ့အိမ်ယူသွားချင်လို့ ကက်ဆက်သေးသေးလေးနဲ့ စတီရီယို အသံရအောင် စပီကာနှစ် လုံး အလယ်တည့်တည့်မှာ ရပ်ပြီး အသံဖမ်းနေတာ ( စာနယ်ဇင်း ဆရာတွေ အင်တာဗျူး ကက်ဆက်နဲ့ ဖမ်းသလို) သီချင်းကို ဖမ်းနေတာ ဖြစ်နေတော့ ကျွန်တော် မှာ သူ့ကို ချက်ချင်း ရပ်ခိုင်းပြီး-'ညီလေး သီချင်းတွေ ကို ယူသွားချင်တယ်ဆိုရင် ပြောပါ။ အားမနာပါနဲ့။ အခုလိုကြီးတော့ မယူပါနဲ့။ အသံလည်း ကောင်းမှာ မဟုတ်ပါဘူး။ အရင်ခေတ်ကလို တီးဝိုင်းဖိုး အကျေ၊ စတူဒီယိုခ အကျေရမှ သီချင်းကူးပေးတဲ့ခေတ် မဟုတ်တော့ပါဘူး'လို့ မနည်းတောင်းပန် ရှင်းပြရပြီး Audio စီဒီတစ်ချပ်နဲ့ သီချင်းအားလုံး ကွန်ပျူတာထဲကနေ ကူးပေးလိုက်ရပါတော့တယ်။ အဲဒီ တော့မှပဲ သူလည်း ကျောက်ရုပ် ဘဝက ကျွတ်ပါတော့တယ်။

ပြီးခဲ့တဲ့ တစ်နှစ် က သူတို့ရဲ့ ရွာလေးတစ်ရွာမှာ စတိတ်ရှိုး သွားတီးပေးတုန်း

ကျွန်တော့် ကို အမြဲဂရုစိုက်ပြီး ကူညီပေးတဲ့ မွန်လူငယ်လေး တစ်ယောက် က ကျွန်တော် ဘာပဲ လက်တိုလက်တောင်းလိုလို ချက်ချင်း ပြေးပြီးယူပေး၊ဝယ်ပေးလေ့ရှိပါတယ်။ သူရဲ့ ကူညီမှု ကို အသိအမှတ်ပြုတဲ့ ကျွန်တော် က ညပိုင်း စတိတ်ရှိုးအတွက် မွန်သီချင်းတွေ ကို နေ့လယ်ပိုင်းလောက်မှာ ဟော်လိုဂစ်တာတွေ နဲ့ သီချင်းတိုက်ကြတော့ အဲဒီ ကလေးက လည်း မွန်သီချင်းတစ်ပုဒ်ဝင်ဆိုဖို့ သီချင်းတိုက်ပါတယ်။ သူ့အသံကလည်း ကောင်းပါတယ်။ ကီးလည်းဝင်ပါတယ်။သီချင်းရဲ့ တီးလုံးပြီးရင်သူဝင်ဆိုရမယ့်နေရာကိုသာသိပ်မသိတာပါ။ ဒါကြောင့် ကျွန်တော် ကအဲဒီ ကောင်လေးကို အားပေးတဲ့အနေနဲ့ 'ရဲရဲသာဆိုပါ။ မင်းမှား သွားရင်လည်း ကိုယ် ထိန်းပြီး တီးပေးပါ့မယ်။ သီချင်းပြန်မဝင်တတ်ရင် ငါ့ကိုသာလှမ်း ကြည့်လိုက်။ ခေါင်းညိတ်ပြီး အချက်ပြပေးမယ်'လို့ အဆိုတော် အသစ်တွေ ကို စင်ပေါ်မှာ ထိန်းပေးနေကျ အတွေ့အကြုံနဲ့ ပြောရပါတယ်။

သူလည်း ကျွန်တော့် ကို တော် တော် ယုံကြည်သွားပုံရပါတယ်။ ညပိုင်း ထမင်းစားချိန်မှာ လည်း ဘေးကနေ လာထိုင်ပြီး သူ့သီချင်းရဲ့ အဝင်မမှန်ရင် သူ့ကိုအချက် ပြပေးဖို့ လာမှာ နေပါတယ်။ ပထမဆုံး စင်ပေါ်မှာ စဆိုမယ့် အတွေ့အကြုံဆိုတော့ တော် တော့် ကို နေလို့ထိုင်လို့မရ ဖြစ်နေဟန်တူပါတယ်။ ဒါကြောင့် ကျွန်တော် လည်း စင်ပေါ်မှာ မကြောက်ဖို့၊ မှား သွားခဲ့ရင် အဆိုပြန်မဝင်တတ်ရင် ငါကူညီပေးပါ့မယ်။ စိတ်ချပါဆိုပြီး ကတိအထပ်ထပ် ပေးတော့မှ သူ့မှာ ရယ်နိုင် ပြုံးနိုင်သွားပြီး မရဲတရဲနဲ့ 'ကိုနိုင်ဇော် ကျွန် တော် စာသားမေ့နေရင်လည်းပြောပြနော်' ဆိုပြီးပြောတော့သူတို့ရဲ့ မွန်စကားမ တတ်တဲ့ ကူညီမိတဲ့ ကျွန်တော့်မှာ ကိုယ်ကူညီနိုင်တာ ထက်ပိုပြီး ကိုယ့်ကို ယုံကြည် အကူ အညီ တောင်းတဲ့ အဆိုတော် ကလေးကြောင့် ဘယ်လို ပြန်ပြောရမှန်းမသိအောင် ဖြစ်ခဲ့ရပါတယ်။

ဘေးက အတီးသမား သူငယ်ချင်းတွေ ကတော့ 'ကူညီချင်ဦးဟဲ့' ဆိုပြီး ဝိုင်းရယ်ကြ ပါတယ်။ ကျွန်တော် လည်း 'ညီလေး. . .ငါမင်းတို့ သီချင်းစာသား တစ်လုံးမှ မသိဘူးလေ ကွာ။ မွန်စကားမှမတတ်တာ'ဆိုတော့အဲဒီ ကလေးက 'အစ်ကိုမွန်သီချင်းတွေ ဒီလောက် ကောင်းအောင် တီးနိုင်တာ မွန်စကားတွေ ကို သိနေလို့ ထင်တာကြောင့် ပါ'တဲ့။ နောက်ဆိုရင် သီချင်းမတီးခင် သူတို့မွန်စကား အရင်သင်ရမလိုတောင် ဖြစ်နေတဲ့ ကိုယ့်အ

ဖြစ်ကြောင့် တခြားကျန်တဲ့တိုင်းရင်းသား အဆိုတော် တွေ ရဲ့ သီချင်းတွေ လာအပ်တာကြုံတိုင်း အရင် ဆုံး စကားပြောနည်း သင်ချင်တဲ့စိတ်တွေ ပေါ်ပေါက်လာပါ တော့တယ်။

(ရာမညသူနဲ့ လက်ထပ်ပြီး မွန်စကားသင်၊ တတ်သလောက်နဲ့ လာလာပြောပြတဲ့ ဘော့စ်သမား ကိုမြတ်မိုးအတွက် အမှတ်တရ )

နံနက်ခင်း သတင်းဂျာနယ်၊ ၃ ဒီဇင်ဘာ ၂၀၀၈

(ς)

# ကျွန်တော်နဲ့ အာကြီး



# ကျွန်တော် နဲ့ အာကြီး

ဒီတစ်ပတ် ခေါင်းစဉ် ဖတ်ပြီး ကျွန်တော် ကြိုက်တဲ့ ဘောလုံးအကြောင်း၊ ဒါမှမဟုတ် အာဆင်နယ် ဘောလုံးအသင်းရဲ့ နာမည် ကို ဒီက ဘောလုံးဝါသနာရှင်တွေ ပေးထားတဲ့ ချစ်စနိုးနာမည် 'အာကြီး'အကြောင်း ရေး လိမ့်မယ်လို့ မထင်ကြပါနဲ့။ တကယ်ရေး ချင်တာက 'အာကြီး'လို့သူကို ခင်မင်သူ ပရိသတ်တွေ ခေါ်ကြတဲ့ အဆိုတော် ဇော်နည်ဆိုတာ လက်ရှိ စတီရီယိုလောကမှာ သူမပါရင် မပြီးလိုက်ဖိရှိုး(Live Show)ခွေတွေ မှာ သူ့သီချင်းပါမှ ရောင် းရတယ်။ ကောင်းပေ့ဆိုတဲ့ သီချင်းကိုမှ သူဆိုရတယ်။ သူဆိုရင်လည်း အဲဒီ သီချင်း ဟာ နာမည် ကြီးသွားတာ အတော် များ လွန်းလို့ သူဆိုမယ့်သီချင်းဆိုရင် တော် တော့်ကို သတိထားပြီး Arrangement လုပ်ရပါတယ်။

သူ့ကို ပထမဆုံး လူချင်း တွေ့ဖူးတာ မှတ်မှတ်ရရ STRAND HOTEL မှာ လုပ်တဲ့ စတိတ်ရှိုးမှာ ဖြစ်ပြီး အဲဒီ အချိန်မှာ ပထမဆုံးနာမည် စကြီးတဲ့ ACJD အဖွဲ့နဲ့ ကျွန်တော် တို့ Lazy Club အဖွဲ့ အဆိုတော် များ ပူးပေါင်းတဲ့ ပထမဆုံးပွဲမှာ ဖြစ်ပါတယ်။

အဲဒီ အချိန်က ACJD အဖွဲ့စပြီး ကျွန်တော် တို့နဲ့ တွဲ ဆိုမယ်ဆိုတော့ သူတို့အဖွဲ့က ရှေ့က စဆိုမယ်။ ကျွန်တော် တို့ရဲ့ အဆိုတော် ကြီးတွေ က နောင်ပိုင်းမှာ ဆိုမယ် ဆိုပြီး အစီအစဉ် ဆွဲထားတော့ သူတို့ အဖွဲ့သားတွေ မလာသေးလို့ ကျွန်တော် တို့ခမျာ သူတို့ကို စောင့်နေကြရပါတယ်။ ခက်တာက အဖွဲ့သား ၄ယောက် နဲ့ ဇော်နည် (သူက Melody ဆိုသူပါ) က ဘယ်သူ ဆိုတာနာမည် သာ ကိုယ်ကကြားဖူး၊ သီချင်းသာ နားထောင် ဖူးတာပါ။ လူချင်း တွေ့ရင်တောင် မသိနိုင်လို့ သူတို့ ACJD အဖွဲ့ လာမှာ ကိုပဲ လူမသိဘဲ စောင့်နေရပါတယ်။

အဲဒီ မှာ ဟန်းဖုန်းတွေ ကိုင်ထားတဲ့ လူလတ်ပိုင်းတွေ ၊ လူငယ်တွေ သူတို့ လက် ကိုင်ဖုန်းတွေ နဲ့ လှမ်းပြီး ACJDအဖွဲ့သားတွေ ကို ရောက်ပြီလားလို့ အော်ဟစ်မေး၊ ရှေ့က လာမယ့်လမ်းမှာ ကြိုတင်စီစဉ်နေကြတဲ့ ဟုယာခတ်နေမှု တွေ ကြောင့် ကျွန်တော့် စိတ်ထဲ မှာ

ထင်မိတာက ACJE အဖွဲ့က နာမည် ကြီးတာနဲ့ တကယ့်ကို နိုင်ငံခြားက အတိုင်း ပဲ၊ လုံခြုံရေး ရေး ဝန်ထမ်းတွေ ၊ သက်တော် စောင့်တွေ ထားသလိုမျိုး စတိုင်ကြောင့် စိတ်ထဲမှာ ကျိတ်ပြီး ချီးကျူးမိပါတယ်။

ဒါပေမဲ့ နောက်ပိုင်းမှာ သိရတာ ကတော့ အဲဒီ လို အလုပ်ရှုပ်ပြသူတို့ဟာ ကျွန်တော် တို့ အနုပညာလောကထဲမှာ အောင်မြင်တဲ့ MEGA Star အဆိုတော် တွေ ၊ ဟစ်ဟော့ အဖွဲ့တွေ နောက်ကလိုက်ပြီး ဟိုယောင်ယောင်၊ ဒီယောင်ယောင် အမြဲတွေ ့ရတဲ့၊ လူထူပြီ ဆိုရင် အဆိုတော် တွေ ကြောင့် ပဲ အလုပ်ရှုပ်နေသလို ဂိုက်ဖမ်းတတ်သူ 'ဝေလေလေ' တွေ ဆိုတာ သိလိုက်ရပါတယ်။ (အနုပညာလောကတိုင်းမှာ စုန်းပြူးဆိုတာ ရှိစမြဲပါပဲ။ ဒါပေမဲ့ အဲဒီ စုန်းပြူးတွေ ရဲ့ အိုက်တင် ဟိတ်ဟန်ထုတ်ပြမှု တွေ ကြောင့် အနုပညာရှင်တွေ မှာ တစ်ခါတစ်ရံ ပရိသတ်ရဲ့ အထင်လွဲမှု ကို ခံရတတ်ပါတယ်။)

အဲဒီ လို မကြာခင်မှာ ရှေ့ကအိုင်တင်ပေးတဲ့ ဝေလေလေ ဆရာတွေ ရဲ့ လုပ်ရပ်ကို မသိတဲ့ ACJE အဖွဲ့သားတွေ နဲ့ အဆိုတော် (ပေါက်စ)Rဇာနည်ရောက်လာပါတော့တယ်။ အဲဒီ လို ရောက်လာချိန်မှာ Rဇာနည်ဆိုတဲ့ (အဆိုတော် သစ်)ကလေးက ကျွန်တော် တို့ Lazy Club တစ်ဖွဲ့လုံးကိုဂရုတစိုက် ပြုံးပြီး နှုတ်ဆက်ပါတယ်။ အဲဒီ လို နှုတ်ဆက်ပြီး စင်ပေါ်တက် သီချင်းဆိုတော့ မှ 'ဒီတစ်ကြိမ် ဒီတစ်နွေ'၊ 'လက္ခဏာဆရာက ပြောတယ်မေရယ်'စတဲ့ သီချင်းတွေ ကို ဟစ်ဟော့ အဖွဲ့သားတွေ ကြားမှာ သူဆိုတာ ပရိသတ်က သူ့ကို ထူးထူး ဆန်းဆန်း လက်ခုပ် တဖြောင်းဖြောင်း တီးကြပါတယ်။ အားပေးကြပါတယ်။ (သူ့ရဲ့ အသံ ကို ကြိုက်လို့ တီးကြတာပါ။) အဲဒီ လိုဆိုနေတုန်း သူဝတ်တဲ့ အင်္ကျီကိုလည်း မှတ်မိပါ သေး တယ်။ အဲဒီ အချိန်က သူအမြဲဝတ်တတ်တဲ့ ရှပ်အင်္ကျီ ကြက်သွေး ရောင် (နီညိုရောင် ) လက် ရှည်ပါ။ သူ့ရဲ့ Vocal Power ကို သတိထားမိတဲ့ ကျွန်တော် က 'နောင်တစ်ချိန်မှာ နာမည် ကြီးဦးမှာ 'လို့တွေ းမိပါတယ်။

သူတကယ်လည်း နာမည် ရလာချိန်မှာ ကျွန်တော် တို့နဲ့ လိုက်ဖ်ရှိုးတစ်ခုမှာ စတွေ ့ပါတော့တယ်။ အဲဒီ Albumက အဆိုတော် ကြီး 'စိုးလွင်လွင်'ရဲ့ သီချင်းကို ပြန်ဆိုပြီး

အမှတ တရ ထုတ်တဲ့ Albumပါ။ အဲဒီ ခွေမှာ သူတကယ်ဆိုချင်တဲ့သီချင်း၊ ပရိုဂျူဆာကို ဆိုချင်လို့ တအားတိုက်တွန်းတဲ့ သီချင်းက အဆိုတော် ကြီး စိုးလွင်လွင် ကိုယ်တိုင်ရေး တဲ့ 'ခွန်အား မမျှ' သီချင်းပါ။ သူကဆိုချင်လွန်းလို့ ဘယ်လိုပဲ ပူဆာပေမယ့် အဆိုတော် ကြီး စိုးလွင်လွင် ရဲ့ သားနဲ့ သမီးတို့ အပါအဝင် သူ့မိသားစုက သူတို့လုပ်မယ့် အမှတ်တရ လိုက်ဖ်ရှိုးမှာ သုံးမှာ ကြောင့် 'ခွန်အားမျှပါ'သီချင်းကို သူ့ခမျာ သီဆိုခွင့်မရခဲ့ပါဘူး။ ဒါကြောင့် တစ်ခြား တေးရေး (ကိုညီညီစံ) ဖြစ်မယ် ထင်ပါတယ်၊ ရေး တဲ့ (အဲဒီ အချိန်က သိပ်နာမည် မကြီး) လူသိပ်မသိတဲ့ သီချင်းလေးကို ဆိုပေးဖို့ ပရိုဂျူဆာက အတင်းပေးပါတယ်။ သူ့ခမျာလည်း သူဆိုချင်တာ မဆိုရလို့ နောက်ဆုံးတော့ အဲဒီ သီချင်းလေးကို ကျိတ်မှိတ်ပြီး (ထင်တာ နော်) ဆိုလိုက်ပုံရပါတယ်။ အဲဒီ သီချင်းက 'ဂန္ထဝင်ဆည်းဆာပါ'။ ဒီသီချင်းလေး ကြောင့် 'ချစ်လူမိုက်'Live Show ပေါက် သွားပါတယ်။ သူ့အတွက်လည်း 'ဂန္ထဝင်ဆည်းဆာ' သီချင်း ဟာ သမိုင်းတစ်ခု ဖြစ်ခဲ့ရပါတယ်။

ဒီအ ဖြစ်အပျက်လေးဟာ ကံတရားအရ ကိုယ် နာမည် ရမယ့်သီချင်းကို မဆိုရင် မ ဖြစ်တော့အောင် ဖန်တီးထားတဲ့ ကံကြမ္မာရဲ့ ထူးဆန်းတဲ့ အံ့ဩဖွယ် ဖြစ်ရပ်လေးကို ဘေး က ပရိသတ်အ ဖြစ် မြင်ရတဲ့ ကျွန်တော် က အမှတ်တရ ရေး ပြလိုက်တာပါ။

သူဆိုမယ် ဆိုပြီး ရည်ရွယ်ထားတဲ့ 'ခွန်အားမျှပါ'သီချင်းကို တကယ်ပဲ 'မိုးကောင်းကင်ကို ဖွင့်လှစ်ခြင်း'ဆိုတဲ့ အဆိုတော် ကြီး စိုးလွင်လွင် မိသားစုပြုလုပ်တဲ့ လိုက်ဖ်ရှိုးခွေမှာ သူဆိုခွင့်ရခဲ့ပါတယ်။ ဒါပေမဲ့ ကံကြမ္မာက 'ဂန္ထဝင်ဆည်းဆာ'လောက် သူ့ကိုနာမည် ကြီးအောင်လုပ်မပေးနိုင်ခဲ့ပါဘူး။အဲဒီ သီချင်းကစပြီးပရိသတ်တွေ ရင်ထဲကို ရောက်သွားတဲ့လိုက်ဖ်ရှိုးမှန်သမျှ Rကြီး မပါမပြီးလို့ ပြောရမှာ ပါ။

လွန်ခဲ့တဲ့ ၂၀၀၇ခုနှစ် တောင်ကြီးသင်္ကြန်မှာ Lazy Club အဖွဲ့တီးကြတော့ Rကြီးလည်း ပါပါတယ်။ သူက အဲဒီ အချိန်က 'ရှင်းပြခွင့်ပေးပါ'ဆိုတဲ့ သီချင်းလေးကို လူတွေ က ဆိုပြဖို့ တောင်းဆိုကြချိန်ပါ။

ဒါကြောင့် အဲဒီ သီချင်းလေးရဲ့ အင်ထရိုထဲကအတိုင်း စင်ပေါ်မှာ ဂီတာ အလုံးတွေ ကို တီးပြနိုင်အောင် ကျွန်တော် ကျိတ်ပြီး ကြိုးစားပါတယ်။ ဒါပေမဲ့ သူ့သီချင်းရဲ့

အင်ထရိုက ဂီတာပလက်ကင်သံရဲ့ နောက်မှာ Distortion ဂီတာသံနဲ့ ထပ်တီးမှ ပေါ်မှာ ဆိုတော့ ဂီတာသမား ကျွန်တော် တစ်ယောက် တည်းရှိတဲ့ Lazy Club ဝိုင်းမှာ ခွေထဲကအတိုင်း ဂီတာ Plucking မပါရင်မလှလို့ Loop Station ဆိုတဲ့ Effect လေး ရခါစ ကျွန်တော် က အသုံးချဖို့ပြင်လိုက်ပါတယ်။ ကိုယ်တီးမယ့် Pluckingကို Effectထဲကြိုပြီး သွင်းထား၊ စင်ပေါ်မှာ သူ ဆိုတော့မယ်ဆိုမှ အဲဒီ Effect ကို ခြေထောက်နဲ့ နင်းလိုက်ရင် ဂီတာ Plucking အသံထွက်ပြီးမှ ကျွန်တော် က အင်ထရိုတီးလုံး၊ ဂီတာသံလိုက်တီး၊ အားလုံး အိုကေပါပဲ။ အထပ်ထပ်လည်း စင်ပေါ်မှာ လေ့ကျင့်ထားပါတယ်။ ကူပြီး တီးပေးမယ့် ကီးဘုတ်သမားကိုတောင် 'Effect ထဲမှာ ဂီတာသံ အသံသွင်းထားတယ်။ မတီးဘဲ နေလို့ရတယ်'ဆိုပြီး ပြောပါတယ်။

တကယ်လည်း Rဇာနည် စင်ပေါ်တက်ပြီး သီချင်းဆိုချိန်၊ အဲဒီ 'ရှင်းပြခွင့်ပေးပါ' သီချင်းလည်း ဆိုမယ့်အချိန်၊ Notes စာရွက်လည်း လှန်လိုက်ရော ဒရမ်မှာ ကိုမရ က စပြီး အချက်ပေးတာနဲ့ ခြေထောက်က Effect ကို နင်းလိုက်တာ ဘာမှာ းသွားသလဲ မသိဘဲ၊ ဘာသံမှ ထွက်မလာပါဘူး။ အဲဒီ လို ဘာသံမှ မထွက်လာပေမယ့် ကီးဘုတ်သမားကလည်း ဂီတာသံပေါ်လာနိုးနိုးနဲ့ စောင့်ရင်း အငိုက်မိနေတော့ စင်ပေါ်မှာ တကယ့်ကို တိတ်ဆိတ်နေပါတယ်။ ပရိသတ်တွေ ကလည်း ကျန်တဲ့ သီချင်းတွေ ကျဆူညံအောင်တီးပြီး ဒီသီချင်းကျမှ ဘာသံမှ မထွက်ဘဲ တစ်ဝိုင်းလုံး 'ကမ္ဘာ့ဒွာန်းကျောင်း' မှာ တရားထိုင်သလို တိတ်ဆိတ်နေတော့ ဘာ ဖြစ်နေတာလဲ သိချင်တဲ့ မျက်နှာတွေ ကို မြင်ရတဲ့ ကျွန်တော့် မှာ အဆိုတော် 'ဇာနည်'ကိုလည်းအားနာ၊ (ကိုယ့်အတတ်နဲ့ ကိုယ်စူးပြီး အသံမထွက်တာ ကြောင့် ) ပရိသတ်တွေ ကိုလည်း မျက်နှာထူပူပြီး Effect က ဂီတာသံ မထွက်တာကြောင့် ကိုယ် တစ်ယောက် တည်း ဂီတာအလုံး(အင်ထရို)တီးလိုက်ရပါတော့တယ်။ အဲဒီ မှာ စိတ်မငြိမ်တဲ့အတွက်ကြောင့် တကယ်တီးရမယ့် Keyက (ဥပမာ - E) ဖြစ်မှာ ကို ပြောင်းပြန် Key B နဲ့ တီးမိလိုက်ပါတယ်။

Rဇာနည်လည်း ကျွန်တော် အရင်ဆုံး တီးလိုက်တဲ့ ဂီတာတစ်ခုတည်းကို ယုံစားပြီး အားရပါးရဆိုချလိုက်တဲ့ စာသား 'ဟိုအရင် အတိတ်က'ဆိုတဲ့ အသံဟာ သူ့ Key

ဖြစ်နေမဟုတ်ဘဲ မိန်းကလေးဆိုရမယ့် Key ဖြစ်နေပါတော့တယ်။ နဂိုကမှ ခပ်နိမ့်နိမ့် ဆိုရမယ့် အသံဟာ Key တော်တော် နိမ့်သွားတာ မသိလိုက်ဘဲ ဆိုလိုက်မိပြီး ကက်ဆက် ခွေ ညှပ်တဲ့အခါ၊ ကက်ဆက်မော်တာကြိုးလျော့တဲ့အခါ ဖြစ်လေ့ရှိတဲ့ အသံသြသြကြီး လိုမျိုးနဲ့ ဆိုလိုက်တော့ 'ဟိုအရင်အတိတ်က' ဆိုတဲ့ စာသား (မှာ းရင်ခွင့်လွှတ်ပါ)ဟာ Rဇာနည်ရဲ့ အသံမဟုတ်တော့ဘဲ ရုပ်ရှင်ထဲက 'ဒိုင်နိုဆော'အော်လိုက်တဲ့ အသံမျိုးနဲ့ ခပ် ဆင်ဆင် ဖြစ် သွားပါတော့တယ်။ သူလည်း ဆိုလိုက်ပြီးမှ Key က မဟုတ်တာကို သိတော့ ကျွန်တော် လည်း ကိုယ်တီးတဲ့ Key ကို သတိထားလိုက်မိပြီး Notes စာရွက်ပြန် ကြည့်ချိန် မှာ မှာ းပြီဆိုတာကို သိပေမယ့် တီးတာကို ရပ်လိုက်ရင် သူတို့ဒုက္ခ ရောက်သွားမှာ ကြောင့် ကြိတ်မှိတ်ပြီး ဆက်တီးရမလို ဖြစ်နေပါတယ်။

ဒါပေမဲ့ Rကြီးက ဒီ Key အတိုင်း သူဆက်ဆိုရင် သူ့အသံဟာ ရုပ်ရှင်မင်းသား (ဦး)ဝင်းဦးရဲ့ အသံထက်အများ ကြီးပိုနိမ့်တဲ့ အသံသြသြကြီးနဲ့ ဆက်ဆိုရမယ့် ဒုက္ခကို ရင်မဆိုင်ချင်တော့တာကြောင့် ဆိုလက်စ 'ဒိုင်နိုဆော' အသံကို ရပ်ပြီး 'ကျွန်တော် တို့ မှာ းသွားတယ်၊ ဟဲ ဟဲ . . . အစက ပြန်စကြရအောင်' လို့ သိန်းဂဏန်းလောက် ရှိတဲ့ ပရိသတ်ကြီးကို ပြောင်ကျကျပဲ ဝန်ခံလိုက်ပါတယ်။

ဒီတော့မှ ကျွန်တော် လည်း ရှက်ကိုးရှက်ကန်းနဲ့ ပရိသတ်ကြီးကို မကြည့်ရဲတော့ဘဲ Key အမှန်နဲ့ ခြေနင်း Effect ကိုအမှတ်မရှိထပ်နင်းလိုက်တော့မှပဲ ဂီတာ Plucking အသံ ပေါ်လာပြီမို့ မူရင်း အင်ထရိုကို လှလှပပ တီးနိုင်၊ သူလည်း လှလှပပဆိုနိုင်ပါတော့တယ်။

ဒါကြောင့် သူ့ခမျာ ကျွန်တော် နဲ့ စတိတ်ရှိုးမှာ 'ရှင်းပြခွင့်ပေးပါ'သီချင်းဆိုတိုင်း ခပ်လန့်လန့်နဲ့ နောက်လှည့်ကြည့်ပြီးဆိုပါတော့တယ်။ ဒီလောက် အသံကောင်း၊ အော် နိုင်တဲ့ Rကြီး တစ်ယောက် ကျွန်တော် နဲ့တွေ့မှ လူစင်စစ်က 'ဒိုင်နိုဆော' ဖြစ်ခဲ့ရတဲ့ အမှတ် တရ ဖြစ်ရပ်လေးကို ဖတ်မိတဲ့ Rကြီးရဲ့ ပရိသတ်တွေ ကျွန်တော့် ကို စိတ်မဆိုးကြဘဲ ကျွန် တော့် Effect ကိုသာ စိတ်ဆိုးကြပါလို့ တောင်းပန်ရင်း အဆုံးသတ်ပါရစေ။

(R ကြီးအကြောင်း ရေး ပါလားလို့ ပြောတဲ့ T.M.S (ခေါ်) မင်းသား

လူမင်းကတောင် သူ့ပုံစံ အတုခိုးရတဲ့ သတင်းထောက်ကြီး ကိုတင်မောင်ဆွေအတွက် အမှတ်တရပါ။)

နံနက်ခင်းသတင်းဂျာနယ်၊ ၂၄ ဒီဇင်ဘာ၊ ၂၀၀၈

(ງ)



ကျွန်တော်နဲ့ ဟိုင်းဝေးစတား

# ကျွန်တော် နဲ့ ဟိုင်းဝေးစတား

တကယ်တော့ ဒီတစ်ပတ်ရေး ရမယ့် ခေါင်းစဉ်ကို'ကျွန်တော် နဲ့တမလွန်ကတော် မီကျော်နိုင်' လို့ ပေးချင်ပေမယ့် သူ့ရဲ့ ဖေးဘရိတ်သီချင်း 'ဟိုင်းဝေးစတား'လို အနုပညာ အဝေးပြေး လမ်းကကြယ်ပွင့်ကြီး၊ ဘော့စ်ဂီတာ ဆရာကြီးကိုတင်စားချင်လွန်းလို့ 'ကျွန်တော် နဲ့ ဟိုင်းဝေး စတား'လို့ ပေးလိုက်ရပါတယ်။ ကိုတော် မီကျော်နိုင် ( Play Boy, ၆.၇.၂)မကွယ်လွန်မီ၊ လူချင်းမတွေ့ ဖြစ်ချိန်ကတည်းက 'ကျွန်တော် နဲ့ကို(တော် မီကျော်နိုင်)' ဆောင်းပါးကို နံနက်ခင်းဂျာနယ်မှာ အခက်အခဲတွေ ကြားထဲက ကျွန်တော် ရေး ဖြစ်ခဲ့ပါတယ်။ 'ကျွန်တော် နဲ့ ကျွန်တော့် ပတ်ဝန်းကျင်'စာအုပ်မှာ လည်း ပါပါတယ်။

အဲဒီ လိုရေး သားထားတာဖတ်လိုက်ရတယ်ဆိုပြီး ဝမ်းသာ ဝမ်းနည်း ခံစားမှု အပြည့်နဲ့ (ကို)တော် မီ ဂရုဏာသက်ခဲ့တဲ့ သူ့ပရိသတ်တွေ ကလည်း ကျွန်တော် နဲ့တွေ့တိုင်း ကျေနပ် ကြောင်း ပြောကြပါတယ်။ ( မှတ်မှတ်ရရ အဆိုတော် သျှိုနဲ့ သူ့ မိခင်ကြီးလည်းပါပါတယ်။) ဒီလို (ကို)တော် မီကို အမှတ်တရ ဆောင်းပါးလေး ရေး ခဲ့ပေမယ့် (ကို)တော် မီ အဲဒီ ဆောင်းပါးလေးဖတ်ရ၊ မဖတ်ရကို ကျွန်တော် မသိခဲ့ရပါဘူး။ကျွန်တော် ကိုယ်တိုင်ကလည်း ဝေဘာဂီကသူ့ရဲ့ အိမ်ကို မသွားတာကြာပြီ ဖြစ်လို့ မမှတ်မိတော့တာကြောင့် ကိုတော် မီ့ အိမ်ကို သိတဲ့ မိတ်ဆွေတွေ နဲ့ ပြန်ဆုံမှ အိမ်တိုင်ရာရောက် စာအုပ်လက်ဆောင်ပေးမယ် ဆိုပြီး စိတ်ထဲက ဆုံးဖြတ်ထားခဲ့ပါတယ်။ ဒါပေမဲ့ မိတ်ဆွေတွေ နဲ့လည်း ဘယ်လိုမှ ပြန်မတွေ့ ဖြစ်တော့ 'သူနဲ့တွေ့မှ တစ်နေ့နေ့ ပေးမယ်' ဆိုပြီး ဆုံးဖြတ်လိုက်ရပါတယ်။

တကယ်တမ်း (ကို)တော် မီ ကွယ်လွန်သွားပြီ ဆိုတဲ့ သတင်းကြားချိန်က ကျွန်တော် ရန်ကုန်မြို့မှာ မရှိဘဲ လားရှိုးမြို့မှာ ပြုလုပ်တဲ့ ရုပ်ရှင်သရုပ်ဆောင်တွေ နဲ့ လားရှိုးမြို့ခံ ဘောလုံးသမားတွေ ရဲ့ ခြေစမ်းဘောလုံးပွဲအတွက် ဖျော်ဖြေရေး သီချင်းတီးပေးဖို့ (Joke Box)တီးဝိုင်းအ ဖြစ် သူငယ်ချင်းတွေ နဲ့ အသွား ရန်ကုန်-မန္တလေး လမ်းမကြီးရဲ့ ဖုန်းမိတဲ့ နေရာ တစ်နေရာမှာ ညနေပိုင်း ဖုန်းဝင်လာလို့သိခဲ့ရပါတယ်။ သတင်းကြားကြားချင်း

စိတ်မကောင်းလို့ သတင်းမေးသွားချင်၊ နာရေး လိုက်ပို့ချင်ပေမယ့် ကိုယ်က အခုမှ လားရှိုးအသွားလမ်းမှာ ပဲ ရှိနေတော့ ဘယ်လိုမှ မမီနိုင်တာကြောင့် ဖုန်းဆက်သတင်းပေးတဲ့ အစ်ကိုကြီးကိုပဲ ကျွန်တော့် ကိုယ်စား ပိုက်ဆံ နှစ် သော င်းလှူပေးပါ။ ရန်ကုန် ရောက်ရောက် ချင်း ပြန်ပေးပါ့မယ်လို့ ပြောပြီးတာနဲ့ ဖုန်းအဆက်အသွယ် ပြတ်သွားခဲ့ ပါတယ်။

လားရှိုးမြို့ ရောက်ပြီး အနားယူနေစဉ် မနက်ခင်းမှာ ဖုန်းထပ်ဆက်လာသူက (ကို)ဆူးစျာန်(လျှပ်တစ်ပြက်ဂျာနယ်) ဖြစ်ပါတယ်။ သူက ကျွန်တော့် ကို သတင်းပေးပါ တယ်။ ကိုတော် မီရဲ့ သားသမီးတွေ ကကိုနိုင်ဇော်နဲ့ အရမ်းတွေ ့ချင်နေလို့ ကျွန်တော့် ကို ပြောပေးပါလို့မှာ လို့ ဖုန်းဆက်တာပါတဲ့။ သူတို့ရဲ့ ဖခင်ကြီးသီချင်း တွေ ရဲ့ ပိုင်ဆိုင်ခွင့် ကိစ္စတွေ ကိုလည်းအသုံးပြုချင်သူတွေ ကို ကိုနိုင်ဇော်က တာဝန်ခံပေးပါလို့ ဆန္ဒရှိကြောင်း ပြောလာပါတယ်။

(ကို)တော် မီကျော်နိုင်ရဲ့ မပြီးပြတ်သေးတဲ့ စီးရီးအသစ်ကိုလည်း အသက်ဝင်အောင် ဆက်လုပ် ပေးစေချင်ပါတယ်။ ဒါကြောင့် (ကို) နိုင်ဇော် ရန်ကုန် ရောက်ရောက်ချင်း သူတို့ဆီကို ဖြစ်နိုင်ရင်လာခဲ့ပါလို့ ပြောပါတယ်။ ဒါကြောင့် ကျွန်တော် လည်း ရန်ကုန်ပြန် ရောက်ရောက်ချင်းဝေဘာဂီမြို့ကကိုတော် မီ့အိမ်ကို ပိုက်ဆံသွားလှူမယ်၊ အားပေးစကား သွားပြောမယ်၊ စာအုပ် လက်ဆောင် သွားပေးမယ်လို့ ပြောတော့ ကိုဆူးစျာန်ကလည်း သတင်းယူဖို့ လိုက်မယ်ဆိုပြီး ကျွန်တော် နဲ့ နေ့လယ် ၁၂နာရီ ချိန်းလိုက်ပါတယ်။

တကယ်လည်း ရန်ကုန်ပြန်ရောက်တော့ မနက် ၁၀နာရီ၊ အောင်မင်္ဂလာအဝေး ပြေးဂိတ်ရောက်တာနဲ့ ကားငှား၊ အိမ်ပြန်၊ ရေချိုး၊ ကားခါတ်ဆီထည့်ပြီးတာနဲ့ လျှပ်တစ် ပြက်ဂျာနယ်ရုံးအောက်မှာ စောင့်နေတဲ့ ကိုဆူးစျာန်ကို ဝင်ခေါ်ပြီး မြောက်ဥက္ကလာပကို ကားမောင်းထွက်ခဲ့ပါတယ်။ ကားပေါ်မှာ တစ်ညလုံးလိုလို အိပ်မရခဲ့ပေမယ့် (ကို)တော် မီ့ သားသမီးတွေ နဲ့ တွေ ့ပြီးအားပေးစကားပြောချင်တာကြောင့် ပင်ပန်းပေမယ့် ကြိတ်မှိတ်ပြီး ထွက်ခဲ့တာပါ။ တကယ်လည်း ဝေဘာဂီမြို့ရောက်၊ ကိုတော် မီ့ အိမ်ပြန်ရောက်ချိန်မှာ ကျွန် တော် အသိချင်ဆုံးကိစ္စကိုသိရပါတော့တယ်။အဲဒါ ကတော့ကျွန်တော် ရေး တဲ့သူ့အ ကြောင်း

ဆောင်းပါးကို ဖတ်ပြီး ကျွန်တော့် ကို ကျေးဇူးတင်ပြီး အရမ်းကျေနပ်ဝမ်းသာနေပါ တယ်လို့ သူ့သမီး ဖြစ်သူက ပြောပြချိန်မှာ ကျွန်တော် လားရှိုးက ရန်ကုန်၊ ရန်ကုန်ကမြောက်ဥက္ကလာ၊ တစ်နေ့ တစ်ညနဲ့ နေ့တစ်ဝက် ပင်ပန်းထားသမျှ ပျောက်သွားသလားတောင် ထင်ရအောင် စာပေရဲ့ အကျိုးကျေးဇူးတွေ ကို ခံစားလိုက်ရပါတယ်။

(ကို)တော် မီရဲ့ ဦးလေးတော် သူ အနက်ကယ်ကြီးကလည်း ကျွန်တော့် ကို လက်အုပ် ချီပြီးစကားပြောနေလို့ မနည်းကို တောင်းပန်ပြီး အဲဒီ လိုမလုပ်ဖို့ တားခဲ့ရပါတယ်။ ဘာကြောင့် သူက ဒီလိုပြောသလဲဆိုတော့ (ကို)တော် မီကျော်နိုင်ကို လူမသိချိန် ပရိသတ်နဲ့ ဝေးနေ၊ ဆင်းရဲနေချိန်မှာ ကျွန်တော် က မှတ်မှတ်ရရ ဆောင်းပါးနဲ့ ချီးကျူးတာ ဖတ်လိုက် ရတာ ကြောင့် (ကို)တော် မီစိတ်ဓာတ် ပြန်တက်ကြွလာ၊ပျော်ရွှင်လာတာ မြင်လိုက်ရလို့ အားနည်းနေတဲ့ အနုပညာသမား တစ်ယောက် ရဲ့ နေဝင်ချိန်ကို သတိတရရှိတဲ့ ကျွန်တော့် ရဲ့ အပြုအမူကြောင့် လေးစားလွန်းလို့,လို့ ပြောပါတယ်။ ဒီလိုနဲ့ပဲ ကျွန်တော် လည်း အချိန် ရသလောက် အားပေးစကားပြော၊ အလှူငွေနဲ့ စာအုပ် လက်ဆောင်ပေး၊ ဓာတ်ပုံရိုက်ခဲ့ပြီး ပြန်ခဲ့ကြပါတယ်။ အပြန်လမ်းမှာ လည်း ကိုတော် မီနဲ့ ဆုံမိသမျှ ကျွန်တော် သူ့ကို လေးစား လို့ အကူအညီ ပေးနိုင်သမျှလေးတွေ လည်း ကားမောင်းရင်း စဉ်းစားမိပါ တော့တယ်။

လွန်ခဲ့တဲ့ သင်္ကြန်ကာလ ခပ်ဝေးဝေးရဲ့ သင်္ကြန်အကြိုနေ့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ရုံးရဲ့ မိသားစုရေကစား မဏ္ဍပ်ဖွင့်ပွဲ တီးပေး ဖြစ်ပါတယ်။ ဟယ်လ်ပင်လမ်းက နိုင်ငံခြား ရေး ရုံး ခြံဝင်းကြီးထဲမှာ သံတမန်တွေ ၊ ဌာနဆိုင်ရာ လူကြီးတွေ ရဲ့ ရေကစားပွဲမှာ တီးခတ် ပေး ဖို့ ကျွန်တော် ရောက်နေခဲ့တာပါ။ သက်ဆိုင်ရာ လူကြီးတွေ ရဲ့ အဖွင့်စကား ပြောပြီး တာနဲ့ ဖွင့်ပွဲကျင်းပပြီး ရေကစားချိန်မှာ ကျွန်တော် တို့တီးဝိုင်း (ACES BAND)က ဖိတ်ထား တဲ့ အဆိုတော် တွေ ကို အလှည့်ကျ တီးပေးရပါတယ်။ အဲဒီ ခေတ်က လာဆိုတဲ့ အဆိုတော် တွေ ကို စာအိတ်ကိုယ်စီနဲ့ အနုပညာကြေးကို ဝန်ကြီးဌာန တာဝန်ရှိသူတွေ က ချီးမြှင့်ပါ တယ်။ ကျွန်တော့် တာဝန်က တီးခတ်ပေးဖို့သက်သက်ပဲ ဖြစ်လို့ စင်ပေါ်မှာ တက်တက် ကြွကြွ တီးနေရင်း၊ အဝင်ဂိတ်တံခါးဝ သံဆန်ခါရဲ့ အပြင်ဘက်ကနေ ကျွန်တော့် ကို လက်ပြ နေသူ တစ်ယောက် ကို မြင်နေရပါတယ်။ ခဏနေတော့ ဝန်ထမ်း တစ်ယောက် က

ကျွန်တော့် ကို နာမည် လာမေးပြီး အစ်ကို ဧည့်သည် အပြင်မှာ ရောက်နေလို့ ထွက်တွေ့ဖို့ လာပြောပါတယ်။ ဒါကြောင့် ကျွန်တော် လည်း ခဏနားချိန်မှာ လိုက် သွားပါတယ်။ တံခါးဝမှာ တွေ့ရသူက ကိုတော် မီနဲ့ အဖွဲ့ပါ။ သူက သကြိုန်တွင်း ဖျော်ဖြေရေး စင်တွေ ကို လှည့်လည်ပြီး သီချင်းဆိုချင်လို့ ကျွန်တော် တို့ တီးဝိုင်းသံ ကြားတာနဲ့ အပြင်ကနေ ကျွန်တော် ကိုခေါ်ခိုင်းတာ ဖြစ်နေပါတယ်။ လည်ပင်းမှာ လည်းပန်းကုံးတွေ ဆွဲ၊ သကြိုန် စတိုင်နဲ့ ခြေကျင်လှည့်လာပုံရပါတယ်။

ခက်တာက ကျွန်တော့် မှာ အတီးသမား ဖြစ်နေလို့ သူဆိုဖို့ ခွင့်ပြုပေးနိုင်တဲ့ အခြေအနေ မရှိတာကို သူသိတာပါ။ ဂိတ်ဝက တာဝန်ကျဝန်ထမ်းတွေ ကလည်း အထဲမှာ လူကြီးတွေ ရေကစားနေကြလို့ သူ့ကို လုံခြုံရေး အရ ပေးဝင်လို့မရ ဖြစ်နေပါတယ်။ သူတို့က အနုပညာရှင်ကြီးမှန်း သိပေမယ့် အားနာနေကြပါတယ်။ ဖိတ်စာလည်း မပါပါဘူး။ ဒါကြောင့် ကျွန်တော် လည်း မတတ်သာတော့ဘဲ ခဏစောင့်ခိုင်း၊ မန်နေဂျာ ဦးစိုးအောင်ကို သွားပြော၊ သူက ခွင့်ပြုမှ ရုံးတာဝန်ခံလူကြီးတွေ ဆီ သွားအကြောင်းကြား၊ သူတို့ ခွင့်ပြုချက်ရမှ ကိုတော် မီ့ကို သွားခေါ်၊ အထဲမှာ ဝင်ထိုင်ခိုင်းပြီး သီချင်းဆိုဖို့ စင်ပေါ်တက်၊ ချီးမြှင့်တဲ့ အနုပညာကြေး သူ့လက်ထဲ ရောက်ပြီဆိုမှ သက်ပြင်းချခဲ့ရပါတယ်။ ကိုတော် မီ့ကို ကျွန်တော် လုပ်ပေးနိုင်တဲ့ အချိန်မှာ တော့ အခုလိုသီဆိုခွင့်ရအောင် ကူညီပေးမှာ ပါ။ ဒါပေမဲ့ တစ်ခါတစ်ခါမှာ တကယ့်ကို ကျွန်တော် မပိုင်တဲ့ အခြေအနေမျိုးကြုံလာရင် ခွင့်လွှတ်ပါလို့ ကြိုပြီး တောင်းပန်ခဲ့ရပါတယ်။

ဒီလိုနဲ့လူချင်း မတွေ့ဖြစ်ခဲ့ရာက ၃နှစ် လောက်အကြာ ထင်ပါရဲ့။ တစ်နေ့ စတီဒီယို မသွားခင် အိမ်မှာ နတ်စ်ရေး နေတုန်း ဖုန်းဝင်လာပါတယ်။ ကျွန်တော် လည်း ဖုန်းကိုင် လိုက်ရော၊ ဖုန်းထဲက ယောကျ်ား တစ်ယောက် က ကျွန်တော့် နာမည် မေးပြီး မှန်ပြီဆိုတာနဲ့ ရယ်သံလိုလို အကြာကြီး ကြားနေရတော့တာပါပဲ။ ကျွန်တော် လည်း ရယ်သံလိုလို စကား မပြောဘဲ အကြာကြီး ကြားလိုက်ရတော့ တစ်ယောက် ယောက် နောက်နေတာလား ထင်ပြီး ဘယ်သူလဲလို့ သေသေချာချာ ထပ်မေးတော့မှ ကိုတော် မီဆိုတာ သိရပါတယ်။

လက်စသတ်တော့ ရယ်တာမဟုတ်ဘဲ ဖုန်းထဲမှာ ရှိုက်ကြီးတငင် ချုံးပွဲချ ငိုနေတာ ဖြစ်နေပါတယ်။ ကျွန်တော် လည်း ယောကျ်ားရင့်မာကြီး တစ်ယောက် အခုလို ငိုရှိုက်သံကို ဖုန်းထဲမှာ မကြားဖူးတော့ ရယ်သံလို့ ထင်မိတာ ဖြစ်နေပါတယ်။ သူက 'နိုင်ဇော် . . . မင်းအစ်မဆုံးပြီ'ဆိုပြီး သူ့ဇနီး ဆုံးလို့ ဝမ်းနည်း ပက်လက် ငိုကြွေးရင်းဖုန်းဆက် အကြောင်း ကြားတာ ဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော် လည်း စိတ်မကောင်း ဖြစ်ပြီး 'အကူအညီ ပေးဖို့ လာခဲ့ပါ့မယ်။ လောလောဆယ် ဘာအကူအညီလိုသလဲ'ဆိုပြီး မေးလိုက်ရပါတယ်။ သူက ကျွန်တော့် ကို သူ့ဆီလာပြီး လိုက်ဝိုင်းလုပ်ပေးစေချင် ပါတယ်လို့ ငိုရင်း ပြောပါတယ်။ ဒါနဲ့ပဲ ကျွန်တော် လည်း ' ချက်ချင်း လာခဲ့ပါ့မယ်'ကတိပေးပြီး၊ တကယ်တမ်း သူဘာလိုမယ် ဆိုတာ တွေးမိတာနဲ့ နဝရတ်စတူဒီယို အရင်သွား၊ အဲဒီ မှာ ရှိသမျှ ဂီတသမား လုပ်ဖော် ကိုင်ဖက်တွေ ဆီက ကိုတော် မီ့ဇနီး ဆုံးပါးမှု အတွက် ငွေလိုအပ်နေလို့ အကူအညီ ပေးကြပါလို့ ချက်ချင်း လိုက်အလှုခံ၊ ကိုယ်လည်း မ,တည်ငွေ စထည့်ပြရပါတော့တယ်။ ပြီးတော့မှ လက်ရှိနိုင်ငံကျော် ဘော့စ်သမားတွေ ဆီ ဖုန်းဆက်ပြီး ဘော့စ်သမားဟောင်းကြီးရဲ့ လိုအပ်မှု ကို အကူအညီတောင်းရပါတော့တယ်။ အဲဒီ တော့မှ ဘော့စ်သမားတွေ ဖြစ်တဲ့ (ကို)ကျင်ခမ်းဖုန်း (Empoeror)၊ (ကို)ခင်မောင်သန်း(J.C)၊ ကိုဂျင်ပိ (Lazy)စတဲ့ Player တွေ နဲ့ ကျန်တဲ့ စတူဒီယို မိသားစုဝင်တွေ ရဲ့ အလှုငွေ စုစုပေါင်း တစ်သိန်းခွဲကို ယူပြီး သူရှိရာ ဝေဘာဂီမြို့သစ်ကို သွားရပါတော့တယ်။

သူ့အိမ် ရောက်တော့ သူ့မိသားစု၊ သားသမီးတွေ နဲ့ တွေ့ပြီး စကားပြောရာမှာ (ကို)တော် မီ မရှိပါဘူး။ သူ့သားသမီးတွေ လည်း ကျွန်တော့် ရဲ့ ကောက်ခံလှုဒါန်းတဲ့ အလှူ ငွေက ထင်တာထက် ပိုပြီးများ နေလို့ အခက်အခဲ ဖြစ်နေချိန်မှာ တော် တော် အသက် ရှူချောင် သွားပုံရပါတယ်။ ကျွန်တော် တွေ့ချင်တဲ့ ကိုတော် မီ ရောက်မလာ သေးပါဘူး။ ဒီလိုနဲ့သူ့ကို စောင့်နေချိန်၊ ခဏကြာတော့ သူ့သားနဲ့ လူငယ် တစ်ယောက် တွဲ ပြီး ခေါ်လာတဲ့ ကိုတော် မီ့ ကို လှမ်းတွေ့ရပါတော့တယ်။ ဇနီးဆုံးသွားတဲ့ စိတ်ညစ်မှု တွေ ရယ်၊ သူ့ဇနီးရဲ့ တစ်ချိန်လုံး ကူညီဖေးမမှု တွေ ကြောင့် သူ့ဘဝမှာ သက်တောင့် သက်သာ နေချင်သလို နေခဲ့ရသမျှ ဇနီးမရှိတော့တဲ့ အချိန်မှာ ချက်ချင်း လစ်ဟာသွားတဲ့ ကွက်လပ်လို သူ့အ ဖြစ်၊ သူ့ဘဝကို

အခံနိုင်တော့လို့ ထင်ပါရဲ့။ ရေချိန်ကိုက်ရုံမက ရေချိန် လွန်ပြီး ဘေးက ဝိုင်းဖေးမ ခေါ်လာခဲ့ရတဲ့အထိ ကြေကွဲနေတဲ့ သူ့ကိုတွေ့ရတော့ ကျွန်တော့်မှာ စိတ်မကောင်းနိုင်တော့ပါဘူး။ သူက ငိုရှိုက်ပြီး ကျွန်တော့်ကို တွေ့တော့ မူးနေရာက ချစ်စနိုးနဲ့ စကား တစ်ခွန်း ပြောပါတယ်။ အဲဒီ စကားဟာ ကျွန်တော့် ဘဝအတွက် အခုထိ မမေ့သေးပါဘူး။ ‘နိုင်ဇော် . . .မင်းဟာ ငါ့သားပါ၊ ကြားလား . . . ခွေးကလေး’တဲ့။

တကယ်တော့ သူ့ရဲ့ ကျွန်တော့် အပေါ် ယုံကြည်မှု တွေ ကြောင့် သူဒုက္ခရောက်နေ ချိန်မှာ ကျွန်တော့်ကို ပြန်တွေ့ရတော့ သူ့ရဲ့ သားအရင်း တစ်ယောက် လို သူ့ရင်ထဲက ဆန္ဒ ကို ထုတ်ဖော်ပြီး ပြောသလို၊ သူချစ်လို့ မွေးခဲ့ရတဲ့ ခွေးပေါက်စလေး ဘဝကနေ သူ့ကို ပြန်ပြီးကူညီကာကွယ်ပေးနိုင်ခဲ့တဲ့ အစောင့်အရှောက်ခွေးအဆင့်ရောက်တဲ့အထိ ကျွန်တော့် ရဲ့ သစ္စာရှိမှု ကို အသိအမှတ်ပြုပြီး ပြောလိုက်တာလို့ ကျွန်တော် ယုံကြည်ခံစား မိပါတယ်။

တကယ်တော့ ကျွန်တော် ဟာ (အမှန်တရားကို မြတ်နိုးပြီး) သစ္စာတရား ကျေးဇူးတရားကိုကာကွယ်စောင့်ရှောက်ချင်တဲ့ ခွေးကလေးလို့ ကိုတော်မီ တမလွန်အထိ ယုံကြည်နေမယ်လို့လည်းအခုထိတွေးနေမိပါတယ်။ ကောင်းရာဘဝရောက်ပါစေ ကိုတော်မီ ခင်ဗျား။

အနုပညာအဝေးပြေးလမ်းမပေါ်ကတောက်ပတဲ့ ကြယ်ကြီးတစ်ပွင့် ဘဝဆက်တိုင်း ဖြစ်ပါစေ လို့ ဆုတောင်းပေးလိုင်ပါတယ်။

(ဒီစာစုလေးကို စာနယ်ဇင်း ဆီမီး ၁၈၀၀၀ပူဇော်ပွဲ အတွက် ကျိုက်ထီးရိုးစေတီ၊ ကျိုက်ထို ဟိုတယ်၊ အခန်းနံပါတ် (B1)မှာ တည်းခဲ့တဲ့ ည ၁၁နာရီ ၂၀မိနစ်မှာ အမှတ်တရ ရေးခဲ့ပါတယ်။)

နံနက်ခင်းသတင်းဂျာနယ် ၊ ၁၈ မတ် ၂၀၀၉

# ကျွန်တော်နဲ့ ရွှေလီခရီး



# ကျွန်တော် နဲ့ ရွှေလီခရီး

ကျွန်တော် စတိတ်ရှိုးတီးဖို့ နိုင်ငံခြား ထွက်ခဲ့ရတဲ့ ခရီးစဉ်တွေ မဟုတ်တဲ့ ရှမ်းပြည်နယ်၊ မူဆယ်မြို့မှာ စတိတ်ရှိုးတီးဖို့ သွားရင်း တရုတ်နိုင်ငံ နယ်စပ်မြို့ ရွှေလီကို သွားလည်ခဲ့တဲ့ အမှတ်တရ အ ဖြစ်လေးတွေ က စာဖတ်သူ ပရိသတ်တွေ ဗဟုသုတ ရမယ်လို့ ယူဆတာကြောင့် ဒီတစ်ပတ်တော့ ရွှေလီခရီး'ဆိုတဲ့ ခေါင်းစဉ်လေးနဲ့ ရေး ပြချင်ပါတယ်။

မူဆယ်မြို့ကို ပထမဆုံး ဖျော်ဖြေပွဲအတွက် ရောက်ခဲ့စဉ်က တရုတ်ပြည်နဲ့ ဘယ်လောက်နီးသလဲ သိချင်လို့၊ တည်းမယ့် ဟိုတယ်ကနေ ကြည့်လိုက်တာ အလယ်က တံတိုင်းတစ်ခုသာ ခြားပြီး တရုတ်ပြည်နဲ့ မြန်မာပြည် (မူဆယ်မြို့)က ရန်ကုန်မြို့ထဲမှာ နောက်ဖေးလမ်းကြားလောက်ပဲ ခြားတဲ့ တိုက်နှစ် တိုက်ကြားအော်ပြီး စကားပြောလို့ ကြားရလောက်အောင်နီးပါတယ်။

ဒါကြောင့် ရောက်ရောက်ချင်း ဒီတစ်ညတော့ အိပ်လိုက်ပြီး မနက်ကျမှပဲ တရုတ် ပြည်၊ ရွှေလီဘက် သွားလည်ကြည့်မယ်ဆိုပြီး တိုင်ပင်ကာ အနားယူကြပါတယ်။

မနက်လင်းလင်းချင်း နယ်စပ်ဖြတ်သန်းခွင့် စာအုပ်လေးတွေ လုပ်ပြီး တရုတ်ပြည် (ကျယ်ဂေါင်မြို့)ဘက် ကူးလိုက်ပါတယ်။ တရုတ်ပြည်ရဲ့ ဂိတ်မှခ်ဦးကို ဝင်၊ စစ်ဆေးခံပြီး တာနဲ့ ကျွန်တော် တို့ကို စောင့်နေသူများ က တက္ကစီကား တသီတတန်းကြီး ဖြစ်နေပါတယ်။ သူတို့ဆီမှာ တက္ကစီနဲ့ ရွှေလီလိုက်ပို့ပေးမယ်လို့ ပြောပြီး လူခေါ်နေတဲ့ ဒရိုင်ဘာတွေ ရဲ့ ကားပေါ် သူငယ်ချင်းတွေ ၄ယောက် တစ်စီးတက်ကြတာနဲ့ ကားစထွက်ပြီး ၁၀လမ်းသွား လမ်းကြီး မျက်စိတစ်ဆုံးအတိုင်း တည့်တည့်မောင်း ၊ အဝိုင်းကြီး တစ်ခုပတ်၊ တံတား တစ်ခုဖြတ်၊ ခဏကြာအောင် ကားမောင်းလိုက်တာနဲ့ ရွှေလီမြို့ကို ရောက်ပါတော့တယ်။

ရွှေလီ ကတော့ တကယ့်ကို ဖွံ့ဖြိုးတိုးတက်နေတဲ့ အလှစားမြို့ကြီးပါ။ ဒါကြောင့် ကိုယ့်သူငယ်ချင်းတွေ အားလုံး ရွှေလီက ကိုယ်ဝယ်ချင်တဲ့ဈေးရှိရာ နေရာကို (တရုတ်စကား

ပြောတတ်သူက ဦးဆောင်ရာ) လိုက်ပြီး စျေးရောက်တာနဲ့ ကားခမျှခံကြပြီး ကားပေါ်က ဆင်းခဲ့ကြပါတယ်။ တကယ့်ကို တရုတ်ပြည်ရဲ့ မြို့တစ်မြို့ကို မထင်မှတ်ဘဲ အလည်အပတ် ရောက်ခဲ့လို့လည်း ပျော်မိကြပါတယ်။ ဒီလို ရွှေလီကို မရောက်ခင် ကျယ်ဂေါင်မြို့ နယ်စပ် ကို ဖြတ်တဲ့ ဂိတ်မှာ ကျွန်တော် ဖြစ်ခဲ့တဲ့ ဖြစ်ရပ်လေးကလည်း ရေး ပြချင်စရာပါ။

တရုတ်ပြည်ရဲ့ အရာရှိဝတ်စုံ ယူနီဖောင်း ဝတ်ထားတဲ့ ရဲအရာရှိက ဂိတ်ဝမှာ ရပ်ပြီး(လုံခြုံရေး အရ) စောင့်ရမယ့် ဂျူတီပြီးသွားလို့ တခြား တာဝန်ကျရဲအရာရှိ တစ် ယောက် နဲ့ တာဝန်လဲချိန် ဖြစ်နိုင်ပါတယ်။ တခြားရဲအရာရှိကလည်း အဲဒီ တာဝန်ကျ ရပ်စောင့်နေတဲ့ ရှေ့ကို တစ်ယောက် တည်း ချီတက်ပြီး လာပါတယ်။ သူတို့နှစ် ယောက် မျက်နှာချင်းဆိုင် တွေ့ပြီး အလေးပြုကြပြီးတာနဲ့ လူဟောင်းရဲဘော်က အနားရပြီး လူသစ်က တာဝန်လွှဲယူ ရပ်စောင့်နေရမှာ ပါ။ နိုင်ငံတော် အလံကို စောင့်သလို သတိဆွဲပြီး စောင့်နေရမှာ ပါ။

အဲဒီ လို တာဝန်ချိန်းဖို့ နှစ် ယောက် လုံးက ပြင်ဆင်ပြီး သတိဆွဲ၊ တစ်ယောက် နဲ့ တစ်ယောက် မျက်နှာချင်းဆိုင်ပြီး အလေးပြုမယ်ကြံချိန်၊ ကျွန်တော် က ဟိုငေး ဒီငေးနဲ့ သူတို့နှစ် ယောက် ကြားထဲ ရောက် သွားပါတယ်။ သူတို့နှစ် ယောက် ကို လုံးဝသတိ မထားမိ ပါဘူး။ ကိုယ့်အတွေးထဲမှာ လည်း တရုတ်ယွမ်ငွေ ဘယ်လောက်လဲရမလဲ၊ မြန်မာငွေပါ လာတာတွေ ကုန်သွားလို့ ဝယ်စရာတွေ ထပ်တွေ့ရင် ဘယ်လိုလုပ်ရမလဲ စသဖြင့် စဉ်းစား ခန်းဖွင့်ရင်းနဲ့ နယ်စပ်ဖြတ်တဲ့ ဂိတ်ဝစစ်ဆေးရေး စခန်းက သူငယ်ချင်းတွေ ထွက်အ လာကို စောင့်နေတော့ သူတို့ရဲဘော်နှစ် ယောက် အလေးပြုကြဖို့ မျက်နှာချင်းဆိုင် တဲ့ကြားမှာ ကိုယ်ရောက်နေတာ သတိမထားမိလိုက်ပါဘူး။

အဲဒီ ရဲဘော်နှစ် ယောက် လည်း မထင်မှတ်ဘဲ သူတို့နှစ် ယောက် ကြားမှာ ကျွန်တော် ဝင်ရှုပ်နေတာကိုအော်ပြောဖို့လည်း (သူတို့မှာ စကားမပြောရတဲ့အမိန့်ပေးထားလို့ ထင်ပါရဲ့ ) အသံမထွက် ၊ အလေးကလည်း ပြိုင်တူပြုနေကြပြီး တာဝန်လွှဲပြောင်းပေးဖို့ အချိန်မှာ ကျွန်တော် ဝင်ရှုပ်နေတာကြောင့် တစ်ယောက် နဲ့ တစ်ယောက် တာဝန်မလဲဖို့ ဆက်နေကြရလို့ အကျပ်တွေ့နေကြပုံရပါတယ်။ အဲဒီ မှာ ခရီးသွား တရုတ်ကြီး တစ်ယောက် က ‘ဟေး . . .ဟေး . . .’ဆိုပြီး အသံကုန်အော်၊ ကျွန်တော့် ကို လက်ဟန် ခြေဟန်နဲ့

မောင်းထုတ်တော့မှ ကိုယ်ဘာများ ဖြစ်နေလို့ပါလဲ ဆိုပြီး ဘေးပတ်ဝန်းကျင်ကို ကြည့်မိပါတော့တယ်။ အဲဒီ တော့မှ တရုတ်ရဲဘော် နှစ် ယောက် မျက်နှာချင်းဆိုင် အလေး ပြုတဲ့ကြားထဲ ကိုယ်က ရောက်နေတာ သိရလို့ လန့်ပြီး သူတို့နှစ် ယောက် ရဲ့ မကြည့်တဲ့ မျက်နှာတွေ ကို စပ်ဖြီးဖြီးနဲ့ ဆောရီးလို့ တောင်းပန်ပြီး အမြန်ပြေးခဲ့ရပါတယ်။ ( ဒါက နယ်စပ်ဖြတ်ပြီးပြီးချင်း ဖြစ်ခဲ့ရတဲ့ အလွဲပါ။)

ကျွန်တော် တို့ ရွှေလီ ရောက်ခဲ့စဥ်က လွန်ခဲ့တဲ့ ၁၀နှစ် ခန့်ကပေမယ့် အဲဒီ အချိန်မှာ တက္ကစီမောင်းသူတွေ က ဟန်းဖုန်းကိုယ်စီရှိတဲ့အပြင် Pager လို့ခေါ်တဲ့ ဖုန်းနံပါတ် အချက် ပြတဲ့ စက်လေးတွေ လည်း ကိုယ်စီရှိတော့ ကျွန်တော့် တို့ဆီမှာ အဲဒီ အချိန်က ဆယ်လူလာ ဖုန်းကိုကိုင်ကြည့်ဖို့တောင် မလွယ်သေးတဲ့ ကျွန်တော် တို့ဘဝနဲ့ တော် တော် ကွာတာပဲဆိုပြီး သူတို့ကိုအားကျ သွားရည်ကျမိပါတယ်။ ဆယ်လူလာဖုန်းရဲ့ ပေါက်ဈေးကအဲဒီ ခေတ် ငွေ ကြေးနဲ့ သိန်း ၅၀လောက်ဆိုတော့ တကယ့်ကို သူဌေးမှ ဆယ်လူလာ ကိုင်နိုင်ကြတာပါ ။ (GSM နဲ့ CDMA မပေါ်သေးပါ။)

တရုတ်ပြည်ရဲ့ နယ်စပ်မြို့တွေ မှာ လျှောက်လည်ရင်းတွေ ့ရတဲ့ အချက်တစ်ခုက လည်း တရုတ်လူမျိုးတွေ (အဘိုးကြီး၊ အဘွားကြီး အစ လူလတ်၊ လူငယ်အထိ) လူရှင်း တဲ့နေရာမှာ ဈေးဆိုင်တွေ ဖွင့်ရောင်း ကြပေမယ့် ဝယ်သူမရှိလို့ စိတ်ညစ်ပုံ မပေါ်ဘဲ မာကျောက်လို့ ခေါ်တဲ့ အံစာတုံးအကြီးကြီးရော၊ ဒိုးဇတ်ဆက်သလိုကတ်တွေ နဲ့ရော၊လူစုပြီး စိတ်အေးလက်အေး ကစားနေတာတွေ ့ရတော့ သူတို့ရဲ့ ဝမ်းရေး ကို မပူပင်ရတဲ့ စိတ်ဓာတ် မျိုး ဘဝရပ်တည်မှု ကို မနာလို ဖြစ်မိပါတယ်။

ဒီလိုနဲ့ ရွှေလီဈေးထဲမှာ ကိုယ်ကြိုက်တဲ့ ဈေးသက်သာတဲ့ အဝတ်အစား အသုံး အဆောင်တွေ ကိုယ်စီ ဝယ်ကြပါတယ်။ အဲဒီ လို ဝယ်ကြတော့ တရုတ်ဈေးသည် တွေ က မြန်မာပြည်က လာတဲ့ ကျွန်တော် တို့ကို ကောင်းကောင်းဈေးတင် ရောင်း ပါတော့ တယ်။ ဒါကြောင့် တရုတ်စကား တတ်တဲ့ သူငယ်ချင်း (ကို)စောဖြူ(ဒရမ်မာ)ကို ဈေးဆစ် ခိုင်းရပါ တော့တယ်။ သူက တရုတ်ပြည်ကိုသွားပြီး နိုက်ကလပ်မှာ ဒရမ်တီးခဲ့ဖူးတော့ တရုတ်စကား တော် တော့် ကို ကျွမ်းကျင်တာကြောင့် တရုတ်ဈေးသည်တွေ နဲ့ အပြိုင်အဆိုင် ဈေးဆစ်ကြ၊

ငြင်းခုံကြ၊ လက်ဟန် ခြေဟန်နဲ့ ခုံပေါ်မှာ လူးလိမ့်တော့မတတ် အော်ဟစ်ပြောပေမယ့် ဈေးသည်တွေ ကတော့ ဈေးသိပ်မလျှော့ကြပါဘူး။

ဒါကြောင့် သူလည်း တခြားနေရာ သွားချိန်၊ အဲဒီ ဆိုင်ပြန်ဝင်၊ ကျွန်တော် တို့ လိုချင်တဲ့ ဂျင်းဘောင်းဘီကိုယူ၊ ကိုယ်ပေးချင်းတဲ့ ဈေးကို ထက်ဝက်ဆစ်၊ လက်ဟန် ခြေဟန် လက်ချောင်းထောင်ပြပြီး ပိုက်ဆံချပြ၊ ပေးမလား မေး၊ မပေးရင် ပိုက်ဆံပြန်ယူ ၊ ဆိုင်ထဲက ထွက်ချင်ယောင် အိုက်တင်လုပ် (မြန်မာ့နည်း မြန်မာ့ဟန်ပေါ့)ကိုယ်လိုချင်တဲ့ ဈေးနဲ့ရတော့ တရုတ်စကား ပြောတတ်တဲ့ ကိုစောဖြူကာ သူဈေးဆစ်လို့မရတဲ့ ပစ္စည်းတွေ ကျွန်တော် တို့ ရလာလို့ အံ့ဩလို့ မဆုံးပါဘူး။

ဒီလိုနဲ့ ဗိုက်ဆာလာလို့ တစ်ခုခု စားကြမယ် ဆုံးဖြတ်ချိန်၊ ဈေးထဲက စားသောက်ဆိုင်တွေ ရဲ့ ဆိုင်းဘုတ်မှာ ကြည့်လိုက်တော့ 'ခွေးခေါင်းပုံစံ ရေး ချိတ်ပြထားရင် အဲဒီ ဆိုင်မစားနဲ့၊ အဲဒါ ခွေးသားရောင် းတဲ့ဆိုင် ၊ ရှောင်ရမယ်'ဆိုပြီး အတွေ ့အကြုံရှိတဲ့ သူငယ်ချင်းက ပြောပြလို့ ကျွန်တော် တို့တစ်တွေ ဘုမသိဘမသိနဲ့ ခွေးသားခေါက်ဆွဲ မစားခဲ့ရတာ ပါ။ ကိုယ်လည်း ဝယ်ချင်တာ ဝယ်ပြီး စားသောက်လို့လည်း ပြီးရော၊ တခြား နေရာက ဆိုင်တွေ ဘက်လမ်းလျှောက်ခဲ့ကြပါတယ်။ တကယ်လည်း ၁၅မိနစ်လောက် လျှောက်ကြည့်ပြီးတွေ မှာ လိုက်ပြီးအိမ်သာရှာတော့ လုံးဝမရှိကြပါဘူး။ ဒီလို ဈေးအကောင်း စားအဆင့်မြင့် ဈေးကြီးထဲမှာ အိမ်သာရှာကြရအောင်ဆိုလို့ ဈေးဆိုင်တွေ မှာ လိုက်ပြီး အိမ်သာရှာတော့ လုံးဝမရှိကြပါဘူး။ ဒီလို ဈေးအကောင်းစားအဆင့်မြင့် ဈေးကြီးထဲမှာ အိမ်သာကို ရှာမတွေ ့တော့ကြာလာလေ ဒုက္ခရောက်လေပေါ့ မေးလို့လည်းမရ။ ( တရုတ် စကားပြောတတ်သူနဲ့လူကွဲသွားလို့။)

ဒီလိုနဲ့ စူးစူးရှရှ ပြင်းထန်တဲ့ (အိမ်သာနံ့) ရတဲ့ နေရာနဲ့ နီးလာတယ်လို့ နှာခေါင်းက အချက်ပေးတာကြောင့် ရှိနိုင်မယ့်ဘက်ကို မှန်းပြီး လိုက်သွားကြပါတယ်။ တကယ်လည်း အိမ်သာရှိကြောင်း ဆိုင်းဘုတ် တွေ ့ရတော့ အိမ်သာက မြေညီထပ် မဟုတ်ဘဲ၊ ပထမ ထပ်မှာ ဖြစ်နေလို့ လှေကားအတိုင်း တက်ကြရပါတယ်။ ရန်ကုန်မှာ အခပေး၊ ဈေးအိမ်သာ တွေ ကို မြေညီမှာ ပဲထားလေ့ရှိလို့ ဘာကိစ္စနဲ့ အပေါ်ထပ်ကို အိမ်သာ

တင်ထား သလဲလို့ မဆီမဆိုင်စဉ်းစားမိကြပါတယ်။ ဒီလိုနဲ့ အိမ်သာတံခါး ဖွင့်ပြီး ဝင်လိုက်တာနဲ့ တွေ့ ရတဲ့ မြင်ကွင်းက အဆန်းကြီးပါ။

အိမ်သာတွေ က အခန်းလိုက် မဟုတ်ဘဲ ရေမြောင်းတစ်ခု အရှည်လိုက် လုပ်ပေးထားပြီး တချို့က ငုတ်တုတ်ထိုင် သတင်းစာဖတ်ရင်း ကိစ္စရှင်းတဲ့လူကရှင်း၊ တချို့ ကပြုံးပြုံး ပြုံးပြုံးနဲ့ ကိုယ့်ကို ရယ်ပြပြီး မိုက်ပြနေတာကို တံခါးမရှိတဲ့ အခန်းကြီးထဲ ရေမြောင်းပေါ်မှာ ဒီအတိုင်း ဖြေရှင်းနေကြတာ တွေ့ ရတဲ့ ကျွန်တော့်မှာ ကျွန်တော် တို့ ဆီမှာ တောင် မရှိတော့တဲ့ဒီလို အိမ်သာ အဆင့်အတန်းကျမှု တရုတ်ပြည်၊ ရွှေလီ ဈေးထဲမှာ လာတွေ့ ရလို့ အံ့သြမိပါတယ်။

တကယ်ဆို ဒီလိုသပ်ရပ်တဲ့ လမ်းမကြီးတွေ ၊ အဆောက်အအုံကြီးတွေ ရှိတဲ့ ဈေးကြီး မှာ ရေလောင်းအိမ်သာလောက်တော့ ရှိသင့်တာပေါ့။ ဒါကြောင့် အညစ် အကြေး တွေ ပြည့်နေတဲ့ ရေမြောင်းထဲကိုပဲ မျက်စိမှိတ်အပေါ့အပါး သွားခဲ့ပြီး အမြန်ပြန် ထွက်ခဲ့ရပါ တယ်။ (ဟိုလူတွေ ကို မျက်နှာပူတာကြောင့် ပါ။) အပြန်လမ်းမှာ လည်း ဘာကြောင့် အိမ်သာ ကို အပေါ်ထပ်မှာ လုပ်ထားသလဲ၊ အညစ်အကြေးတွေ ကို မစွန့်ပစ်ဘဲ ရေမြောင်းထဲမှာ ဒီအတိုင်းကြီး ထားလို့ထားတာလဲ၊ ဘာကြောင့် ရေလောင်းအိမ်သာ မလုပ်ကြသလဲဆိုပြီး ဈေးရဲ့ သပ်ရပ်မှု ၊ ဈေးသူဈေးသား ဈေးဆိုင်တွေ ရဲ့ အဆင့်မြင့်မှု ဈေးအိမ်သာရဲ့ အဆင့်နိမ့်မှု ကိုနားမလည်နိုင်အောင် ဖြစ်ခဲ့ရပါတယ်။

ဒီလိုနဲ့ ရန်ကုန်မြို့ကို ပြန်ရောက်ခဲ့ပြီး နှစ် တော် တော် ကြာ၊ အချိန်တော် တော် ကြာမှ ၈၂ စတူဒီယိုမှာ သီချင်းသွားတီးပေးရင်း မူဆယ်မြို့ကလာတဲ့ လူရွယ် တစ်ယောက် က ကျွန်တော် ရေး တဲ့ ဆောင်းပါးတွေ ဖတ်ရကြောင်း မိတ်ဆက်ပြီး စကားပြောလာတော့ သူနဲ့ စကားလက်ဆုံးကျကြရင်းကျွန်တော် သိချင်တဲ့ 'အိမ်သာပြဿနာ'မေးချင်တဲ့စိတ်က ပေါ်လာ တာကြောင့် 'ခင်ဗျား တို့ရွှေလီဈေးကို ရောက်မှာ ပေါ့။ အဲဒီ က အိမ်သာက တော် တော် ဆိုးတယ်ဗျာ။ ဘာ ဖြစ်လို့ သူတို့ ဂရုမစိုက်ကြတာလဲ' လို့ မေးလိုက်မိပါတယ်။

အဲဒီ တော့မှပဲ ကျွန်တော် နှစ် ပေါင်းများ စွာ သိချင်တဲ့ အဖြေကို ရပါတော့တယ်။ အဲဒီ လူငယ်က 'ကိုနိုင်ဇော်၊ ရွှေလီက ဈေးအိမ်သာကို ညပိုင်း ရောက်ဖူးရင် အဖြေသိ သွားမှာ

ပါ။

ညဆိုရင်အဲဒီ အိမ်သာရဲ့ အောက်မှာ မိလ္လာကားတွေ ရောက်လာပြီးဈေးစကားပြော ကြတယ်။ အောက်က ကားဆရာတွေ က သူတို့ရဲ့ မိလ္လာသယ်တဲ့ ကားကနေ အပေါ်ထပ်က အိမ်သာပိုင်ရှင်နဲ့ စကားပြော၊ ဈေးတည့်ပြီဆိုမှ အပေါ်ထပ်က အိမ်သာပိုင်ရှင်က ရေမြောင်း တစ်လျှောက် ရေပိုက်နဲ့ ထိုးချလိုက်မှ စီးကျလာတဲ့မစင် အညစ်အကြေးတွေ ကို ပိုက်နဲ့ သွယ်ပြီး သူတို့ကားပေါ် တင်သွားတာ။ ပြီးမှ သူတို့ရဲ့ သီးနှံစိုက်ခင်းတွေ ကို ယူသွားပြီး အသီးအနှံတွေ ပိုပြီး သန်စွမ်းအားရှိအောင် ဖျန်းတော့တာပဲ။ ဒီလို အညစ်အကြေးတွေ ကို ပိုက်ဆံနဲ့ ရောင်းဖို့ အိမ်သာကနေထိရိုက် ရသူက ရေမြောင်းနဲ့ အညစ်အကြေးတွေ စုထားတာ' ဆိုပြီး လူရဲ့ စွန့်ပစ်ပစ္စည်းတောင်ငွေရအောင် အသုံးချတတ်တဲ့ တရုတ်ပြည်ရဲ့ စီးပွားရေး အကွက်မြင်ပုံကို ရှင်းပြပါတော့တယ်။

ဒီလို နေ့တိုင်း ဈေးကစားပြီး ရောင်းနိုင်အောင် အိမ်သာကို အပေါ်ထပ်မှာ ဆောက် ထားတာ ထင်ပါရဲ့ ။ ဒါမှ ရေဆေးလိုက်ရင် အညစ်အကြေးတွေ အောက်ကို ဆင်းနိုင်မှာ ဖြစ်လို့ တစ်နေကုန် အညစ်အကြေးတွေ စုထားတဲ့ ရေမြောင်းက အနံ့ကို အဝေး ကျွန်တော် တို့ ရခဲ့တာပါ။ အ ဖြစ်မှန်ကို သိရလို့ ကျေနပ်သွားတဲ့ ကျွန်တော် လည်း သူထပ်ပြောတဲ့ စကားကြားရတော့မှ မျက်လုံးပြူး သွားပါတယ်။ ဒါကြောင့် တရုတ်တွေ က မြန်မာပြည်က လာတဲ့ အသီးအနှံမှန်သမျှ ဈေးဘယ်လောက်ကြီးကြီး ဝယ်စားကြတယ်။ သူတို့ဆီက အသီးတွေ ကို တခြားအိမ်နီးချင်းနိုင်ငံတွေ ကို ဈေးပေါပေါနဲ့ ရောင်းတယ်ဆိုတဲ့ (ဟုတ်မှန်း၊ မဟုတ်မှန်း သေချာမသိရတဲ့) စကားကြောင့် ကျွန်တော် ရန်ကုန်က မင်္ဂလာဆောင်ပွဲ တက်တိုင်း တရုတ်ပြည်က လာတဲ့ အသီးအနှံတွေ နဲ့ ဧည့်ခံတဲ့ အချိုပွဲတွေ စားရချိန်မှာ အသည်းတယားယားနဲ့မူဆယ်မြို့က ဆရာသမားရဲ့ စကားကိုသာ ကြားယောင်နေမိပြီး အားရပါးရ မျက်စိမှိတ်စားရပါတော့တယ်။

ဒီလိုရေး လို့ ရန်ကုန် တရုတ်ပြည်ထွက် အသီးအနှံ ရောင်းသူများ ကျွန်တော့် ကို စိတ်မဆိုးကြပါဘဲ မူဆယ်က ဆရာကိုသာ မေတ္တာပို့ကြဖို့ ကြိုရှင်းပြပါရစေ။ (ကျွန်တော် ကသာ သူ့စကားကို သိပ်မယုံပါဘူး ဟဲ. . .ဟဲ)မူဆယ်မြို့ကို ရောက်ခဲ့တဲ့ အကြိမ်ပေါင်း

၄ကြိမ်ထဲကနေ စာဖတ်သူများ စိတ်ဝင်စားနိုင်မယ့် တကယ့်အ ဖြစ်အပျက် အကြောင်းအရာများ ကို စု၍ ရေး သားလိုက်ရပါသဖြင့် ရွှေလီမြို့နှင့် ပတ်သက်၍ အချိန်ကာလ ကွဲလွဲမှုများ ရှိပါက ခွင့်လွှတ်ရန်ကြိုဟာင်တောင်းပန်လိုက်ပါတယ်။

နံ့နက်ခင်းသတင်းဂျာနယ်၊ ၁၁ ဖေဖော်ဝါရီ ၂၀၀၉